ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ကန်ရေ—၃ကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# (၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကန်ရေ—၃ကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ

# ကန်ရေ-၃ကျေးရွာ

# မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကန်ရေ-၃ကျေးရွာ၊ မင်းဘူးမြို့နယ်



(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


မာတိကာ ၁
အတိုကောက်စကားလုံးများ ၅
စကားချီး ၆
ဘုမ္မနိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂
(၁) လူမှုစီးပွားရေး အခြေအနေ
**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**
**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား**
**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**
**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ**
**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**
**ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**
**ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက်
အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ **လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား ၄၅ **ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀
**ကိုးကားစာရင်း** ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကန်ရေ–၃ကျေးရွာ
မင်းဘူး(စကု)မြို့နယ်

## ကန်ရေ-၃ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည် ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထို ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူ အညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိ လာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင် မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိ ရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်

လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကန်ရေကျေးရွာသည် မင်းဘူး-အမ်း ကားလမ်းဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မင်းဘူးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းဖြစ်ပါသည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန်မှာ အသင့်အတင့်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတည်ရှိရာသည် မြေပြန့်တွင်တည်ရှိပြီး ထုတ်ကုန်များကို ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ မြင်းလှည်းများဖြင့် သွားရောက်ရောင်းချပါသည်။ နှမ်း၊ ကုလားပဲ၊ ပဲစဉ်းငုံ နှင့် ပဲတီစိမ်းများ ရောင်းချပြီး အလှကုန်၊ လူသုံးကုန်များနှင့် စားသောက်ဖွယ်ရာများကို ဝယ်ယူကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် လယ်ယာမြေအသင့်တင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်သောကြောင့် မြေဆီလွှာမှာ အသင့်အတင့်ရှိပါသည်။ လယ်ယာမြေဟက (၂၂၃)ရှိပြီး ရေကို အိုင်းမဆည်မှ ရရှိပါသည်။တောင်သူအချို့မှာ ရေမလုံလောက်မှုကြောင့် စပါးအထွက်နှုန်းများ လျော့နည်းပါသည်။ယာမြေမှာ (၆၄၄)ကေရှိပြီး တစ်ခါတစ်ရံ မိုးနည်းပါးသောကြောင့် သီးနှံအထွက်နှုန်း များ လျော့နည်းသည်။ ကုန်းလယ်များမှာ အဝီစိတွင်းမှ ရရှိသောရေများကို စက်များဖြင့် တပ်ဆင်ကာ လယ်ထဲသို့ မြောင်းများသွယ်ကာ စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကန်ရေ(၃)ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၉၉) စုနှင့်ကျား(၄၆၁)ဦး၊ မ(၅၀၇)ဦးဖြင့်လူဦးရေပေါင်း (၉၆၈)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၂၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း ၅ ဦး လျော့နည်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်

ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၆.၃၆%)ခန့် ရှိပါသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကန်ရေ–၃ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၂၉)ဦးရှိပြီး မြေယာပိုင်ဆိုင် မှုမှာ (၃၀) ဖြစ်ပါသည်။အိမ်အခြေအနေမှာ တိုက်ဖြစ်ပြီး တောင်သူသုံးစက်ပစ္စည်းများမှာ ယာထွန်စက်၊ လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ကား၊ သုံးဘီး၊ ဆိုင်ကယ်၊ TV တို့ဖြစ်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စုမှာ (၄၆)စုရှိပြီး အိမ်အခြေအနေမှာ လေးပင်အိမ်ဖြစ်ပါသည်။ တောင်သူသုံးစက်ပစ္စည်းများမှာ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ဖုန်း၊ ဆိုင်ကယ်၊ TV တို့ဖြစ်ပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ (၆၇)စုရှိပြီး အိမ်မှာ သုံးပင်အိမ်မြေစိုက်ဖြစ်ပါသည်။ အသုံးဆောင်များမှာ ဖုန်း၊ ဆိုင်ကယ် တို့ ဖြစ်ပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ ကူလီ၊ကျပန်း များဖြစ်ကြပါသည်။ မြေယာမဲ့အိမ်ထောင်စုမှာ (၁၁၄)စုရှိပြီး မြေယာရှိအိမ်ထောင်စုမှာ (၁၁၅)စု ရှိပါသည်။ စုစုပေါင်း အိမ်ထောင်စုမှာ (၂၂၉)စုရှိပြီး လက်လီလက်ကားဈေးရောင်း၊ ဆိုင်ကယ် taxi ၊ ဘဏ်ဝန်ထမ်း၊ လျှပ်စစ်ဝန်ထမ်း၊ မြေစာရင်းရုံးဝန်ထမ်း၊ ကျောင်းဆရာ/မ၊ သူနာပြုဝန်ထမ်း စသည့်တို့လုပ်ကိုင်သည့် အိမ်ထောင်စုများရှိကြပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း လယ်ယာ ကူလီကျပန်းအငှားလိုက်ခြင်း၊ မင်းဘူးမြို့သို့ရောက်၍ လက်လီလက်ကားရောင်းဝယ်ရေး ဝန်ထမ်းအလုပ်များကို လုပ်ကိုင်ရှာဖွေစားသောက်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန် ဆင်းရဲအဆင့်အိမ်ထောင်စု (၂၀)စုမှာ ၄၃.၃% ဝမ်းစာမှာ ၃လအောက် ဖူလုံခြင်း၊ ဆင်းရဲသော အိမ်ထောင်စု (၂၆)စုမှာ ၅၆.၅% ဝမ်းစာမှာ ၃လ နှင့် ၆လအောက် ဖူလုံပြီး ကျန်သည်လများမှာ ချေးယူခြင်း နည်းလမ်းဖြင့် ဖြေရှင်းကြောင်း လေ့လာတွေ့ရှိရသည်။ အများစုမှာ အသေးစားငွေချေးလုပ်ငန်းများဖြစ်သော Pact Myanmar နှင့် သမတို့ထံမှ ချေးယူ၍ ဖြေရှင်းရသည်။ ၎င်းချေးငွေကို စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးတို့အတွက် ချေးယူကြောင်း သိရှိရသည်။ ကျေးရွာတွင် ဆင်းရဲနွမ်းပါးသည့် လူဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့် မုဆိုးဖို၊ တစ်ခုလပ် အိမ်ထောင်စု မရှိပါ။ အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသားအိမ်ထောင်စု နည်းပါးပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးအများစုလည်း ကျန်းမာကြသည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီပြောင်းလဲသည့်ကာလတွင်သာ အနည်းငယ် ဖြစ်တတ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် မိုးရာသီတွင် ရေဝပ်သောနေရာများ အနည်းငယ်ရှိခြင်းကြောင့် တစ်ခါတစ်ရံဖြစ်တတ်ပါသည်။ အဆီမဆိမ့်စားသုံးမှု နည်းပါး ခြင်းကြောင့် သွေးတိုးရောဂါ နည်းပါးခြင်းနှင့် သက်ဆိုင်ရာဆေးခန်းများသို့ သွားရောက်ကုသကြပါသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရှိ ရပါသည်။ ၉နှစ်အထက် လူဦးရေစုစုပေါင်းမှာ (၈၂၁)ဦးဖြစ်ပြီး: စာမတတ်သူဦးရေမှာ(၃၀)ဦးရှိပြီး ရာခိုင်နှုန်းမှာ(၃.၆၅) ရှိပါသည်။ ဘုန်းကြီးကျောင်းသင်ပညာရေး(၁၀၂) ဦးရှိပြီး ရာခိုင်နှုန်း မှာ(၁၂.၅) ရှိပါသည်။ မူလတန်းပညာရေးမပြီးဆုံးသေးသူဦးရေမှာ (၃၂၇) ဦးရှိပြီး ရာခိုင်နှုန်း မှာ(၃၉.၈)ရှိပါသည်။ မူလတန်းပညာရေးပြီးဆုံးသူ (၂၈၁) ဦးရှိပြီး ရာခိုင်နှုန်းမှာ(၃၄.၂) ရှိပါသည်။ အလယ်တန်းပညာရေးပြီးဆုံးသူ (၅၆) ဦးရှိပြီး ရာခိုင်နှုန်းမှာ(၆.၈)ရှိပါသည်။ အထက်တန်းပညာရေး ပြီးဆုံးသူ (၁၁) ဦးရှိပြီး ရာခိုင်နှုန်းမှာ(၁.၃)ရှိပါသည်။ တက္ကသိုလ် ပညာရေးပြီးဆုံးသူ (၁၄) ဦးရှိပြီး ရာခိုင်နှုန်းမှာ(၁.၇)ရှိပါသည်။ စာမတတ်သူ (၃၀)ဦးမှာ ယခင်က ပညာမသင်ကြားသော သက်ကြီးရွယ်အိုများသာ ဖြစ်ပါသည်။ယခုအခါ ပညာရေးကို ဦးစားပေးသော ကျေးရွာများဖြစ်ပြီး အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု နိမ့်ကျပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

### (စ) ကျား–မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား–မရေးရာကိစ္စဆိုင်ရာအနေအထားသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများတတ်ကြွစွာ ပါဝင်ဆောင်ရွက်မှုရှိပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများ ၊ အမျိုးသမီးရေးရာ အဖွဲ့အစည်းများ စည်းလုံး ညီညွတ်စွာ ဖွဲ့စည်းထားပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေရေးရာ အသိအမြင်များ မရှိသေးပါ။ ၎င်းကြောင့် ဥပဒေရေးရာ အသိအမြင်များ၊ ပညာပေးများ သိရှိရန်လိုအပ်ပါသည်။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့်တန်းတူအခွင့်အရေး ရှိပါသည်။ ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာနေပြည်သူများသည် အုပ်ချုပ်ရေးမှူးနှင့်တကွ အမျိုးသမီးရေးရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့(၈) ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့များမှာ ကျေးရွာရန်ပုံငွေအဖွဲ့၊ မဏ္ဍပ်ဆင်အဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ လူငယ်အဖွဲ့၊ မီးသတ်အဖွဲ့၊ ချက်ဖိုအဖွဲ့၊ Pact Myanmar အဖွဲ့၊ ဓမ္မစကူးအဖွဲ့ဟူ၍ ဖွဲ့စည်းထားသည်။ထိုအဖွဲ့များသည် ကိုယ့်တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လျက်ရှိပြီး အသင့်အတင့် ကောင်းမွန်ကြပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး ပြင်ပအဖွဲ့အစည်းများမှာ (၄)ဖွဲ့ရှိပါသည်။၎င်းအဖွဲ့အစည်းများမှာ Pact Myanmar အဖွဲ့၊ သမ အဖွဲ့၊ အစိုးရ စိုက်ပျိုးရေးဘဏ်၊ ဆိတ်ဘဏ်အဖွဲ့တို့ ဖြစ်ပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးဧက (၄၀၀) စိုက်ပျိုးပြီး ၁ ဧက ပျမ်းမျှထွက်နှုန်းမှာ (၆၀) တင်းဖြစ်ပါသည်။ မိုးဦးနှမ်းမှာ ဧက(၂၀၀၀) စိုက်ပျိုးပြီး ၁ ဧက ပျမ်းမျှထွက်နှုန်းမှာ (၇) တင်းဖြစ်ပါသည်။ မိုးနှောင်းပိုင်းတွင် ကုလားပဲမှာ ဧက (၄၀၀) စိုက်ပျိုးပြီး ၁ ဧက ပျမ်းမျှထွက်နှုန်းမှာ (၁၅) တင်းဖြစ်ပါသည်။ နေကြာမှာ ဧက (၂၀၀) စိုက်ပျိုးပြီး ၁ ဧက ပျမ်းမျှထွက်နှုန်းမှာ (၂၀) တင်းဖြစ်ပါသည်။စပါးနှင့် နှမ်းမှာ သွင်းအားစု အများဆုံးဖြစ်ပြီး ရရှိနိုင်မှု အမြတ်မှာ သီးနှံဈေးမကောင်းသောကြောင့် အမြတ်မှာ နည်းပါးပါသည်။ ကုလားပဲ နှင့်နေကြာမှာ သွင်းအားစုနည်း၍ ရရှိနိုင်မှုအမြတ်မှာ သီးနှံဈေး အသင့်အတင့်ကောင်းသော ကြောင့် အမြတ်ရရှိမှုမှာ အသင့်အတင့် ဖြစ်ပါသည်။

ကျေးရွာတွင် နွားမွေးမြူရေးအိမ်ထောင်စုမှာ (၁၀၃)စုရှိပြီး နွားကောင်ရေ (၅၁၇) ကောင်၊ မြင်းမွေးမြူရေးအိမ်ထောင်စုမှာ (၃)စုရှိပြီး မြင်းကောင်ရေ (၃)ကောင်၊ ဆိတ်မွေးမြူရေးအိမ်ထောင်စုမှာ (၆)စုရှိပြီး ဆိတ်ကောင်ရေ (၁၃၅)ကောင်၊ ဝက်မွေးမြူရေး အိမ်ထောင်စုမှာ (၃၄)စုရှိပြီး ဝက်ကောင်ရေ (၃၉)ကောင်၊ ကြက်မွေးမြူရေးအိမ်ထောင်စုမှာ (၁၄၈)စုရှိပြီး ကြက်ကောင်ရေ (၁၄၆၈)ကောင်ရှိပါသည်။ မွေးမြူရေးမှာ လယ်ယာမြေများ အသုံးပြုရန်နှင့် မိမိတို့ဟင်းစားများအတွက်သာ မွေးမြူကြသည်။ ကျေးရွာ၏ လေ့လာတွေ့ရှိချက်အရ ချေးငွေရရှိပြီး လုံလောက်မှုမရှိခြင်း၊ နည်းပညာပေးသောသူများနှင့် လက်လှမ်းမီမှု နည်းပါးခြင်း၊ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများတွင် ဈေးနှုန်း မြင့်မားခြင်းကြောင့် လက်လှမ်းမမီခြင်း တို့ဖြစ်ပါသည်။

**(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးနှင့် မသက်ဆိုင်သော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများမှာ ဘဏ်ဝန်ထမ်း၊လျှပ်စစ်ဝန်ထမ်း၊ မြေစာရင်းဝန်ထမ်း၊ ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ ထိုင်းသို့သွားရောက်လုပ်ကိုင်သူ၊ ပြင်ပအဖွဲ့အစည်းနှင့် ကုမ္ပဏီဝန်ထမ်း တို့ဖြစ်ကြပါသည်။ လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင်

အလုပ်အကိုင်မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ စက်ချုပ်လုပ်ငန်းများ ရှိသော်လည်း သင်ကြားမှုနည်းခြင်း၊ ပန်းရံလက်သမား နည်းပညာ ပေးသောသူများ မရှိခြင်းကြောင့် မသင်ကြားနိုင်ခြင်းနှင့် တတ်မြောက်ကျွမ်းကျင်သူ မရှိခြင်း ကြောင့် သင်ကြားနိုင်ခြင်းမရှိပါ။ ဈေးသည်များသည်လည်း မြို့နှင့်နီးသောကြောင့် တစ်ပိုင်တစ်နိုင် ဈေးသည်များသာ ရှိပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်ယာမြေနှင့် မြေဆီမြေဩဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကောင်းမွန်သော သီးနှံမျိုးစပါးများ မရှိခြင်းနှင့် ဆေးဝါးသုံးစွဲမှုများ လွန်ကဲခြင်း၊ နည်းပါးခြင်းတို့ကြောင့် သီးနှံထွက်နှုန်းများ နည်းပါးသည်။ လူနေထူထပ်ပြီး အဆောက်အအုံများပြားခြင်းကြောင့် အပင်မျိုးစိတ်များ မဖြစ်ထွန်းပါ။ ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုမရှိခြင်းမှာ ပိုးသတ်ဆေး၊ ဓာတုဗေဒဆေးများကို စနစ်တကျ မသုံးစွဲ တတ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ ဖြစ်ပါသည်။ ငါးမွေးမြူရေးမှာ မရှိသလောက် နည်းပါးပါသည်။ နွား၊ သိုး ၊ ဆိတ်၊ ကြက်၊ ဝက် စသည့်တိရစ္ဆာန်များသာ မွေးမြူကြသည်။ စွန့်ပစ်ပစ္စည်းမှာ စက်ရုံများမရှိခြင်းကြောင့် စွန့်ပစ်ခြင်း နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေရရှိနိုင်မှုမှာ အစိုးရစိုက်ပျိုးရေးဘဏ် ဖြစ်ပါသည်။ ငွေကြေး ဝန်ဆောင်မှုမှာ စိုက်ပျိုးရေးအတွက်ဖြစ်ပါသည်။ (၆)လ ပြည့်ချိန်တွင် ပြန်လည်ပေးဆပ် ရပါသည်။ ငွေကြေးအတိုးနှုန်းမှာ (၆၅)ပြား ဖြစ်ပါသည်။ လယ်မြေ ၁ ဧကလျှင် ၁ သိန်း၅သောင်းနှုန်းခန့် ချေးယူရရှိပါသည်။ ချေးယူရရှိမှု အခက်အခဲမှာ ပုံစံ(၇)ရှိခြင်းကြောင့် ခက်ခဲမှုမရှိပါ။ ကျေးရွာအဖွဲ့လိုက် ချေးငွေလုပ်ငန်းမှာ Pact Myanmar အဖွဲ့ရှိပါသည်။ ငွေကြေးဝန်ဆောင်မှုမှာ စိုက်ပျိုးရေးစရိတ် ဖြစ်ပါသည်။ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ (၁၄)ရက် ၁ ကြိမ်၊ ( ၁ )လ ၂ကြိမ် ၊ (၁) နှစ်ခန့်ခွဲ၍ ပေးဆပ်ရပါသည်။ အတိုးနှုန်းမှာ ပြား (၆၀) ဖြစ်ပါသည်။ ကျေးရွာတွင် အသေးစားချေးငွေအဖွဲ့များနှင့် လည်ပတ်နေခြင်း ဖြစ်ပါသည်။

ကျေးရွာတွင် ချေးငွေအကြောင်းအရင်းမျိုးစုံဖြင့် ပညာရေး၊ ကျန်းမာရေးတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း ရှိပါသည်။ အထက်တန်းကို မင်းဘူးမြို့ အ.ထ.က (၁) သို့ သွားရောက်တက်ရပါသည်။ မင်းဘူးနှင့် ကန်ရေ ကျေးရွာသည် ၃ မိုင် ၆ ဖာလုံခန့် ကွာဝေးပါသည်။ ကျောင်းသူ/သားများသည် စက်ဘီးများဖြင့် သွားရောက် တက်ရပါသည်။ မူလတန်းကျောင်းကို အလျား ၄၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ (၁)ဆောင်၊ အလျား ၆၀ ပေ၊ အနံ

၃၀ ပေ၊ အမြင့် ၁၂ ပေ (၁)ဆောင်၊ အလျား ၈၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ (၁)ဆောင် စုစုပေါင်း (၃)ဆောင် ရှိပါသည်။ အလယ်တန်းကျောင်းမှာ အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ (၁)ဆောင် ရှိပါသည်။ သွပ်မိုး၊ အုတ်ကာ၊ တမံသလင်း ခင်းထားပါသည်။ အမိုး၊ အကာ၊ တမံသလင်းအခင်းမှာ ကောင်းမွန်ပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိပါ။ ကျောင်းဆရာ/မ များနှင့် ကျောင်းသား/သူများ အတွက် (၂) ခန်းတွဲအိမ်သာ လိုအပ်ပါသည်။ ကျေးရွာတွင် ကျောင်းဆရာ/မ (၉) ဦးရှိပြီး တပည့်ဆရာအချိုးအစ လုံလောက်မှုမရှိပါ။

ကျေးရွာတွင် အဆုတ်ရောဂါကာကွယ်ဆေးထိုးခြင်း၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ ထိုးနှံခြင်း၊ ပိုလီယိုရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ မေးခိုင် ကိုယ်ဝန်ဆောင်ကာလအတွင်း ကာကွယ်ဆေးထိုးခြင်း၊ ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးခြင်းတို့ကို ဆရာဝန်များ လာရောက်ပြုလုပ်ပေးပါသည်။အာဟာရ ပညာပေးအစီအစဉ် များကိုလည်း ပြုလုပ်ကြပါသည်။ မင်းဘူးမြို့နယ်ဆေးရုံသို့ ကျန်းမာရေးဆိုင်ရာ ဆေးကုသမှု ခံယူရာတွင် ဆရာဝန်များ၊ ကျန်းမာရေးမှူးများ၊ သူနာပြုများ၊ သားဖွားဆရာမများ၊ ဓါတ်ခွဲ ကျွမ်းကျင်ဆရာများ ရှိနေကြောင်းနှင့် လိုအပ်သည့်ဆေးဝါးများ လွယ်လင့်တကူ ရရှိပါသည်။

သောက်သုံးရေအနေဖြင့် ရေတွင်း(၁)တွင်း၊ အဝီစိ/စက်တပ် (၅၈)တွင်း၊ အဝီစိ/တုံကင် (၇၆)တွင်းရှိ၍ သောက်သုံးရေလုံလောက်ပါသည်။ မြစ်ချောင်း၊ စိမ့်စမ်းရေ မရှိခြင်းနှင့် ရေကန်(၁)ကန်မှာ မီးဘေးအန္တရာယ် ကာကွယ်ရန် သုံးနိုင်ပါသည်။ ကျေးရွာသန့်ရှင်းရေး အခြေအနေ အိမ်သာအမျိုးအစားနှင့် အရေအတွက်မှာ အိမ်ထောင်စု (၂၉)စုဖြစ်ပြီး ယင်လုံအိမ်သာ (၂၁၇)လုံးရှိခြင်းတို့ကြောင့် ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့်နေရာများအား လက်လှမ်းမီမှု မရှိပါ။ ကျေးရွာရှိလူငယ်များသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြ ပါသည်။ အားငယ်သူများအား ဖေးမကူညီခြင်း၊ သွေးလှူအသင်းများ ဖွဲ့စည်းပြုလုပ်ထားခြင်း၊ အလှူကထိန်နှင့် ဘာသာရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ဓမ္မစကူးလည်း ဖွင့်လှစ်ထားပါသည်။

## (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် လမ်းသည် မြေသားပေါ်တွင် ကျောက်ခင်းလမ်းပြုလုပ်ထားပါသည်။ လမ်းမှာ အသင့်အတင့်ဖြစ်ပြီး ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပါသည်။ လမ်းများ ကောင်းမွန်ခြင်းကြောင့် လမ်းပမ်းဆက်သွယ်ရေး လွယ်ကူပါသည်။ကျေးရွာသည် ကုန်းတွင်းပိုင်းပေါ်တွင် တည်ရှိနေသောကြောင့် ကျေးရွာ၏ တံတားတည်ရှိမှုများ မရှိပါ။

ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုအခြေအနေမှာ မဟာဓာတ်အားလိုင်းမှ အိမ်ထောင်စု (၉၃)စု နှင့် ဆိုလာမီး (၄၇)စု ရှိကြောင်း သိရှိရပါသည်။ အခြားအိမ်များမှာ မီးအိမ်သုံးစွဲခြင်း များ ဖြစ်ပါသည်။ ပြုပြင်ထိန်းသိမ်းရေးစနစ်မှာ အသင့်အတင့်ရှိပြီး သုံးစွဲမှုမှာ ခက်ခဲမှုနည်း ပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာများ သိရှိနိုင်ရန် ရေဒီယို (၇၆) လုံး၊ TV (၆၀) လုံး၊ ဂြိုလ်တုစလောင်း (၃)ခု ရှိပြီး သတင်းအချက်အလက်များ သိရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် တည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေမှာ မြို့နယ်ရဲစခန်းနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ခြင်း၊ ပြည်သူလူထုကျေးရွာ အရံမီးသတ်တပ်ဖွဲ့များ ဆယ်အိမ်မှူးများနှင့် အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ကြောင့် ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု ပြဿနာများ မရှိပါ။ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှုများ၊ အကြမ်းဖက်မှု များ မရှိပါ။ ကျွန်တော်တို့ကျေးရွာသည် တည်ငြိမ်အေးချမ်းမှု ရှိပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် မြေဆီမြေဩဇာမှာ အသင့်အတင့်ဖြစ်ပြီး လယ်ရေမှာ အိုင်းမဆည်နှင့် မိုးရေတို့မှ ရရှိပါသည်။ မြေဆီမြေဩဇာမှာ နွားချေး၊ ဆိတ်ချေး၊ သစ်ရွက်ဆွေးများဖြင့် ပြုလုပ်ပါသည်။ ပိုးသတ်ဆေး၊ အားဆေး၊ ရွက်ဖြန်းဆေးများမှာ မင်းဘူးမြို့တွင် ဝယ်ယူရရှိပါသည်။ ချေးငွေမှာ အစိုးရစိုက်ပျိုးရေးဘဏ်၊ Pact Myanmar ၊ သမ၊ ဆိတ်ဘဏ် တို့မှ ချေးငွေများ ထုတ်ချေးနိုင်ပါသည်။ သီးနှံဈေးကွက်မှာ စပါး၊ နှမ်း၊ မြေပဲ၊ ပဲစင်းငုံ တို့ရရှိပြီး ထုတ်လုပ်ရောင်းချရာတွင် မင်းဘူး၊ မကွေးမြို့သို့ သွားရောက်ရောင်းချပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်သီးနှံများကို အချိန်မီ တင်ပို့ရောင်းချနိုင်ပါသည်။ကျေးရွာတွင် ရိတ်သိမ်းပြီး ယာမြေ၊ လယ်မြေ များတွင် စားကျက်မြေအဖြစ် နွားများ၊ ဆိတ်များ စားသောက်ရပါသည်။ သောက်ရေမှာ အဝီစိတွင်းမှ ရရှိပြီး လျှပ်စစ်မော်တာများ၊ လက်နှိပ်တွင်းများ ရှိပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေး ကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြ

သည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**ကျေးရွာတွင် စိုက်ပျိုးရေ နည်းပါးခြင်း၊ တစ်ခါတစ်ရံ မိုးနည်းခြင်း၊ ပိုးသတ်ဆေးများ စနစ်တကျ မသုံးတတ်ခြင်း၊ မိုးကျချိန်တွင် ငွေကြေးမရှိ၍ အချိန်မီ ဆေးမဖြန်းနိုင်ပါသဖြင့် သီးနှံများအထွက်နှုန်း နည်းပါသည်။ ဈေးကွက် လက်လှမ်းမီသော်လည်း သီးနှံဈေး မကောင်းခြင်း၊ နည်းပညာ လက်လှမ်းမမီ၍ အကူအညီနည်းပါးခြင်းတို့ ဖြစ်ပေါ်လျက် ရှိပါသည်။ ကျေးရွာတွင် ချေးငွေရရှိပြီး လုံလောက်မှုမရှိခြင်း၊ နည်းပညာပေးသောသူများနှင့် လက်လှမ်းမီမှုနည်းခြင်း၊** စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများတွင် ဈေးနှုန်း မြင့်မားခြင်းကြောင့် လက်လှမ်းမမီခြင်း တို့ဖြစ်ပါသည်။ စက်ချုပ်လုပ်ငန်းများ ရှိသော်လည်း သင်ကြားမှုနည်းခြင်း၊ ဆိုင်ကယ်ပြုပြင်ဆရာ မရှိခြင်း၊ ပန်းရံလက်သမား နည်းပညာ ပေးသောသူများ မရှိခြင်းကြောင့် မသင်ကြားနိုင်ခြင်းနှင့် တတ်မြောက်ကျွမ်းကျင်သူ မရှိခြင်း ကြောင့် သင်ကြားနိုင်ခြင်းမရှိပါ။

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

က.၁) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးစရိတ် လုံလောက်စွာ ရရှိလျှင် ဝင်ငွေများ တိုးတက်လာနိုင်သည်။

က.၂) ကျောင်းခြံစည်းရိုး၊ လမ်း၊ ဆေးခန်း၊ အခြေခံအဆောက်အအုံ များဖြင့် လူနေမှုဘဝ မြင့်မားလာနိုင်သည်။

က.၃) ကျေးရွာဘေးကင်းလုံခြုံရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် မီးသတ်ကားဝယ်ယူရန် သက်ဆိုင်ရာဌာနများ၏ အကူအညီရယူခြင်းနှင့် လိုအပ်သော ငွေကြေးပမာဏအား ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် ယ.ရ.က အဖွဲ့အစည်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးကော်မတီများ၊ ကျေးရွာအဖွဲ့အစည်းများနှင့် ကျေးရွာသူ/သားများ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၂) ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စိုက်ပျိုးရေးသင်တန်းများနှင့် မွေးမြူရေးသင်တန်းများ သင်ကြားပြီး ပြန်လည်ပို့ချရာတွင် မွေးမြူရေးနှင့်စိုက်ပျိုးရေး တောင်သူများ ဝင်ငွေများတိုးပွားလာမည်ဖြစ်သည်။

ခ.၃) ကျေးရွာတွင် မူကြိုကျောင်းဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်း တိုးမြင့်လာရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာအဖွဲ့အစည်းနှင့် ပညာရေး အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်ပေးရန် ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် ရေမျက် ကျေးရွာနှင့် ကန်ရေကျေးရွာကုန်ထုတ်လမ်း ကောင်းမွန်ရန် ဆောင်ရွက်သွားမည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် ကုန်ထုတ်ရာတွင် အခက်အခဲ ရှိပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုး ပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက် အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် နှမ်းအပြင် ပဲတီစိမ်းကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးများထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်များ လိုအပ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေ လုံလောက်စွာ မရရှိခြင်းနှင့် မြောင်းလက်တံ မကြာခဏကျိုးခြင်းတို့ လေ့လာ တွေ့ရှိရပါသည်။ ကျေးရွာလူထုအားဖြင့် ပြုပြင်သော်လည်း ခိုင်ခံ့မှုမရှိခြင်း၊ မြောင်းလက်တံ ခိုင်ခံ့မှုမရှိခြင်းကြောင့် ရေသောက်ဧက အပြည့်အဝ မရရှိခြင်းတို့ဖြစ်ပါသည်။ စိုက်ပျိုးရေ လုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်းနှင့် ရေမြောင်းလက်တံပြုပြင်ရန် သက်ဆိုင်ရာ ဌာနများ၏ အကူအညီရယူခြင်း၊ သက်ဆိုင်ရာဌာနမှ ပညာရှင်များ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် လိုအပ်ပါသည်။ စိုက်ပျိုးစရိတ် မလုံလောက်ခြင်းမှာ စိုက်ပျိုးစရိတ်ကြီးမြင့်နေခြင်း၊ လုပ်အားခမြင့်တက်ခြင်း၊ သွင်းအားစု စရိတ်များ မြင့်တက်နေခြင်း၊ စိုက်ဘဏ်မှ ယာမြေများအား ၁ ဧကလျှင် ၂ သောင်းကျပ်သာ ထုတ်ပေးခြင်းတို့ကြောင့် ဖြစ်ပါသည်။ စိုက်ပျိုးစရိတ် လုံလောက်စွာရရှိအောင် ဆောင်ရွက် ရခြင်းမှာ စိုက်ဘဏ်မှ ချေးငွေပိုမိုရရှိရေး တင်ပြခြင်း၊ သွင်းအားစုများအား ကုမ္ပဏီနှင့် တိုက်ရိုက်ဆက်သွယ်၍ တင်သွင်းနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးစရိတ် လုံလောက်စွာရရှိအောင် ချေးငွေပေးသောအဖွဲ့များနှင့် ချိတ်ဆက်၍ အကူအညီရယူခြင်းတို့ ဖြစ်ပါသည်။

### (ဃ) မွေးမြူရေးကဏ္ဍ

**ကျေးရွာတွင် မွေးမြူရေးအား စီးပွားဖြစ်လုပ်ရန် ခက်ခဲခြင်းမှာ ချေးငွေမလုံလောက် ခြင်း၊ နည်းစနစ် မှန်ကန်စွာ မမွေးမြူနိုင်ခြင်းတို့ဖြစ်ပါသည်။ မွေးမြူရေးအား စီးပွားအဖြစ် မွေးမြူနိုင်အောင် ဆောင်ရွက်ခြင်းမှာ မွေးမြူရေးအတွက် ချေးငွေလုံလောက်စွာ ရရှိအောင် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊ မွေးမြူရေးဆိုင်ရာ နည်းပညာပေးခြင်း၊ မွေးမြူရေး ဆိုင်ရာ ဝန်ဆောင်မှုများ ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။**

### (င) ပညာရေးကဏ္ဍ

**ကျေးရွာတွင် မူကြိုကျောင်းဆောင် လိုအပ်ခြင်းမှာ ပညာအခြေခံကောင်းမွန်စွာ မရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ မူကြိုကျောင်း ဆောက်လုပ်နိုင်ရေး ဆောင်ရွက်ခြင်းမှာ**

ကလေးငယ်များ ပညာရေးအခြေခံ ကောင်းမွန်ခြင်းနှင့် ဉာဏ်ရည်မြင့်မားနိုင်ရေးအတွက် ဖြစ်ပါသည်။

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေးကဏ္ဍ | ကျေးရွာတွင်းလမ်းများ ကောင်းမွန်လာစေရန် | ၈၁ | ၁ | – ရေမျက်–ကန်ရေလမ်းဖောက်လုပ်ပေးခြင်း<br>– သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးလက် ဦးစီး |
| ပညာရေးကဏ္ဍ | မူကြိုကျောင်းရရှိအောင် ဆောင်ရွက်ခြင်း | ၇၆ | ၂ | - မူကြိုကျောင်းဆောင် ရရှိအောင် ဆောင်ရွက် ခြင်း<br>- ပညာရေးကို အထောက်အပံ့ပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ပညာရေး ဦးစီးဌာန |
| *သဘာဝဘေးအန္တရာယ်လျှော့ချရေးကဏ္ဍ* | မီးသတ်ကားဝယ်ယူနိုင်ရေး ဆောင်ရွက်ခြင်း | ၇၅ | ၃ | - မီးသတ်တပ်ဖွဲ့အား စနစ်တကျ သင်တန်း ပေးခြင်း<br>- ကျေးရွာလူထုထံမှ မီးသတ်ကား ဝယ်ယူရန် ငွေကြေးကောက်ခံခြင်း<br>- မီးသတ်ကား ဝယ်ယူနိုင် ရေး သက်ဆိုင်ရာဌာန များ၏ အကူအညီရယူ ခြင်းနှင့် လိုအပ်သည့် ငွေကြေးပမာဏအား ထောက်ပံ့ပေးခြင်း | |

| အကြောင်းအရာ | စီမံချက် | ရှုမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုကဏ္ဍ | စိုက်ပျိုးစရိတ် လုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်း | ၇၄ | ၄ | - စိုက်/ဘဏ်မှ ချေးငွေပိုမိုရရှိရေး တင်ပြခြင်း<br>- သွင်းအားစုများအား ကုမ္ပဏီနှင့် တိုက်ရိုက် ဆက်သွယ်၍ တင်သွင်းနိုင်ရေးချိတ်ဆက် ဆောင်ရွက်ခြင်း<br>- စိုက်ပျိုးစရိတ် လုံ လောက်စွာ ရရှိအောင် ချေးငွေပေးသောအဖွဲ့ များနှင့် ချိတ်ဆက်၍ အကူအညီရယူခြင်း | စိုက်ပျိုးရေး ဘဏ် |
| မွေးမြူရေးကဏ္ဍ | စီးပွားဖြစ်မွေးမြူနိုင် အောင် ဆောင်ရွက်ခြင်း | ၆၁ | ၅ | - မွေးမြူရေးအတွက် ချေးငွေလုံလောက်စွာ ရရှိအောင် ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ် ဆက်ခြင်း<br>- မွေးမြူရေးဆိုင်ရာ နည်းပညာပေးခြင်း၊ မွေးမြူရေးဆိုင်ရာ ဝန် ဆောင်မှုများ ပြည့်ဝစွာ ရရှိအောင် ဆောင်ရွက်ခြင်း | မွေးမြူရေး ဦးစီးဌာန |
| စိုက်ပျိုးရေးကဏ္ဍ | စိုက်ပျိုးရေလုံလောက် စွာရရှိရေး | ၆၀ | ၆ | - ရေမြောင်း လက်တံပြုပြင် ရန် သက်ဆိုင်ရာဌာနများ ၏ အကူအညီရယူခြင်း<br>- သက်ဆိုင်ရာဌာနမှ ပညာ ရှင်များမှ ကွင်းဆင်းစစ် ဆေး ဆောင်ရွက်ပေးခြင်း | စိုက်ပျိုးရေး ဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| လျှပ်စစ်မီးကဏ္ဍ | လျှပ်စစ်မီးလုံလောက်စွာ ရရှိရန် ထရွန်စဖော်မာ ချပေးရေး | ၅၂ | ၇ | - လျှပ်စစ်မီးလင်းနိုင်ရေး အတွက် ထရွန်စမော်မာ ထပ်မံဝယ်ယူရန် ကျေးရွာလူထုထံမှ ရန်ပုံငွေကောက်ခံခြင်း<br>- မီးလင်းရေးအတွက် ရန်ပုံငွေ ထည့်ငွေ လှူဒါန်းမည့်အဖွဲ့အစည်း များနှင့် ချိတ်ဆက်နိုင် ရေး ဆောင်ရွက်ခြင်း | လျှပ်စစ် ဦးစီးဌာန |
| ကျန်းမာရေး ကဏ္ဍ | ကျေးလက်ဆေးပေးခန်း ရရှိအောင်ဆောင်ရွက် ခြင်း | ၄၃ | ၈ | - ဆေးပေးခန်း ရရှိအောင် ကျန်းမာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း<br>- ကျန်းမာရေးဝန်ထမ်း ရရှိအောင် ချိတ်ဆက် တင်ပြခြင်း | ကျန်းမာရေး ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကုန်ထုတ်လမ်းကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁ | | ✔ | ✔ | ✔ | |
| ၂ | မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း | ၂ | | ✔ | ✔ | ✔ | |
| ၃ | မီးသတ်ကား ဝယ်ယူနိုင်ရေး | ၃ | | ✔ | ✔ | ✔ | |
| ၄ | စိုက်ပျိုးရေးစရိတ် လုံလောက်စွာ ရရှိရေး | ၄ | | | | ✔ | ✔ |
| ၅ | ကျောင်းခြံစည်းရိုး အုတ်တံတိုင်း ကာနိုင်ရေး | ၅ | | | ✔ | ✔ | ✔ |
| ၆ | မွေးမြူရေးအား စီးပွားဖြစ် မွေးမြူနိုင်ရေး | ၆ | | | ✔ | ✔ | |
| ၇ | စိုက်ပျိုးရေ လုံလောက်စွာရရှိရေး | ၇ | | | ✔ | ✔ | |
| ၈ | လျှပ်စစ်မီးလုံလောက်စွာ ရရှိရန် ထရန့်စဖော်မာ ချပေးရေး | ၈ | | | | ✔ | ✔ |
| ၉ | ဆေးပေးခန်း ရရှိရေး | ၉ | | | | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာန ဆိုင်ရာအဖွဲ့များ အစည်းများနှင့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာ

လူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသား မဟုတ်သော ထည့်ဝင်မှု၊ ဥပမာ– လုပ်အား၊သဲ၊ကျောက်၊ပစ္စည်း ကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကုန်ထုတ်လမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၆၀၀ | ၁၀သိန်း | ၅၈၀ သိန်း | | ၁၀သိန်း |
| ၂ | မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း | ၁၃၀ | ၅သိန်း | ၁၂၀ သိန်း | | ၅သိန်း |
| ၃ | မီးသတ်ကား ဝယ်ယူခြင်း | ၂၅၀ | ၁၀ သိန်း | ၂၂၀ သိန်း | | ၂၀ သိန်း |
| ၄ | စိုက်ပျိုးစရိတ် လုံလောက်စွာ ရရှိရေး | ၅၀၀ | ၅ သိန်း | ၄၉၅ သိန်း | | – |
| ၅ | ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကာနိုင်ရေး | ၂၅၀ | ၅ သိန်း | ၂၄၅ သိန်း | | – |
| ၆ | မွေးမြူရေးအား စီးပွားဖြစ်မွေးမြူနိုင်ရေး | ၂၅၀ | ၅ သိန်း | ၂၃၀ သိန်း | | ၁၅ သိန်း |
| ၇ | စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး | ၂၆၀ | ၅ သိန်း | ၂၅၀ သိန်း | | – |
| ၈ | လျှပ်စစ်မီး လုံလောက်စွာ ရရှိရန် | ၂၃၀ | ၁၅ | ၂၀၀ | | ၁၅ |

| | | | | | | |
|---|---|---|---|---|---|---|
| | ထရွန်စဖော်မာ ချပေးရေး | | သိန်း | သိန်း | | သိန်း |
| ၉ | ဆေးပေးခန်း ရရှိရေး | ၁၅၀ | ၅ သိန်း | ၁၃၀ သိန်း | | ၁၅ သိန်း |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင် အထည် ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူ ပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက် စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည် အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင် ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါ မည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီး ဌာနကတာဝန်ယူပါမည်။ ဤကိစ မျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန် ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီ အစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက် ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက် ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်း များ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါ မည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူ အညီများ ကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၅ | ၂ | ၇ | ၀.၇၂% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၃၇ | ၂၈ | ၆၅ | ၆.၆၉% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၉ | ၅၀ | ၇၉ | ၈.၁၃% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်း သားအရွယ် | ၅၃ | ၄၅ | ၉၈ | ၁၀.၀၈% |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့် အရွယ် | ၃၀၈ | ၃၃၇ | ၆၄၅ | ၆၆.၃၆% |
| ၆၀နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၃၂ | ၃၆ | ၇၈ | ၈.၀၂% |
| **စုစုပေါင်း လူဦးရေ-၉၇၂** | | **၄၆၄** | **၅၀၈** | **၉၇၂** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု -၂၂၉** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄.၂၄ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကန်ရေ-၃ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၂၉စုရှိ၍ စုစုပေါင်းလူဦးရေမှာ ၉၇၂ယောက် ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်မှာ ၆၄၅ ယောက်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၆၆.၃၆% ရှိပါသည်။ မူလတန်း ကျောင်းသား အရွယ်မှာ ၇၉ ယောက်ရှိပြီး စုစုပေါင်း၏ ၈.၁၃% အလယ်တန်း ကျောင်းသားအရွယ်မှာ ၉၈ယောက်ရှိပြီး စုစုပေါင်း၏ ၁၀.၀၈% ရှိပါသည်။သက်ကြီးရွယ်ကြီးအရွယ်မှာလည်း ၇၈ ယောက်ရှိပြီး စုစုပေါင်း၏ ၈.၀၂% ရှိပါသည်။ ၅နှစ်အောက်ကလေးမှာ ၆.၆၉% ရှိပြီး စုစုပေါင်းလူဦးရေမှာ ၆၅ ယောက်ရှိပါသည်။ ၁နှစ်အောက်နို့စို့ အရွယ်မှာ ၀.၇၂% ရှိပြီး စုစုပေါင်း ၇ ယောက်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု ၂၂၉ စု ရှိပြီး တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၄.၂၄ ယောက်ရှိပါသည်။ ကျွန်တော်တို့ရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်မှာ ရာခိုင်နှုန်းအများဆုံးဖြစ်နေသည့်အတွက်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်နိုင်သူများ ပေါများပါသည်။တစ်အိမ်ထောင်ရှိ ပျမ်းမျှ လူဦးရေမှာ ၄ ဦးရှိသည့်အတွက်ကြောင့် နိုင်ငံတော်မှ သတ်မှတ်ထားသော တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေနှင့် ကိုက်ညီမှုရှိပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၆ | - | ၉၆ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၁၇ | - | ၁၆၀ | ၂၉ | - |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၆ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၇ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၈ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၀ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | – | ၁၅ | – | ဈေးရောင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၁ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ | – | | – | – | – |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | – | | | |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | – | ၄ | – | ဆိုယ်ကယ် taxi – ၄ဦး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | – | ၂ | ၁ | ဘဏ် –၁ဦး လျှပ်စစ်–၁ ဦး၊ မြေစာရင်း –၁ဦး |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | – | – | – | ၆ | ဆရာမ–၆ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | ၁ | သူနာပြု–၁ |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| | **စုစုပေါင်း** | ၂၂၄ | | ၂၇၇ | ၃၇ | – |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် ရာသီအလိုက် အလုပ်သမား ကျပန်း အိမ်ထောင်စု (၂၂၄)စုရှိပြီး လက်လီလက်ကား ဈေးရောင်းလုပ်ငန်း အဓိက လုပ်ကိုင်သည့် အိမ်ထောင်စု (၁၅)စုရှိပါသည်။ ယာဉ်မောင်း(အငှား)လုပ်ကိုင် သည့် အိမ်ထောင်စု(၄)စုရှိပါသည်။ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် ဘဏ်ဝန်ထမ်း၊ လျှပ်စစ်ဝန်ထမ်း၊ မြေစာရင်းဝန်ထမ်း၊ ပညာရေးဝန်ထမ်း၊

ကျန်းမာရေးဝန်ထမ်း တို့ ရှိကြပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၅၀၀ | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | - |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၃၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၈ | လက်လီ–လက်ကားရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | – | – | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | – | – | – | – | – |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | – | – | – | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ အနည်းဆုံးနှင့် အများဆုံးလုပ်အားခ နှုန်းထားများမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် ယောကျ်ား(၁)ဦး၏ လုပ်အားခမှာ (၃၀၀၀) မှ (၄၀၀၀)ထိရှိပြီး မိန်းကလေးလုပ်အားခမှာ (၁၅၀၀) မှ (၃၀၀၀)အထိရရှိသည်။ ဆောက်လုပ်ရေး လုပ်ငန်းလုပ်ကိုင်သည့် ယောကျ်ား(၁)ဦး၏ လုပ်အားခမှာ ၄၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်ဖြစ်ပြီး မိန်းကလေးမှာ (၃၀၀၀)မှ (၄၅၀၀)အထိရရှိပါသည်။ လက်လီ လက်ကားရောင်းဝယ်ရေးလုပ်ကိုင်သည့် ယောကျ်ား(၁)ဦး၏ လုပ်အားခမှာ ၂၀၀၀ ကျပ်မှ ၃၀၀၀ ကျပ် အထိရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့် /ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၂၃ | သင့် | အနည်းမကျဉ်း | အိုင်းမဆည်/ ဧက၁၅၀ |
| ယာမြေ /တောင်ယာ | ၆၄၄ | သင့် | – | – |
| ဥယျာဉ်ခြံမြေ | ၁၆ | သင့် | – | – |
| အိမ်ခြံဝင်း စိုက်ခင်း | ၃ | သင့် | ရ | – |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၁၉ | သင့် | – | – |
| ရွှေ့ပြောင်းတောင် ယာမြေ | – | – | – | – |
| ကိုင်း/ကျွန်းမြေ | – | – | – | – |
| စားကျက်မြေ | ၄၀ | ညံ့ | – | – |
| ပလပ်မြေ | ၄၀ | ညံ့ | – | – |
| အခြား | – | – | – | – |
| စုစုပေါင်း | ၉၈၅ | – | – | – |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

မှတ်ချက်။ ။ ရေရရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေဖြင့် လယ်မြေ(၂၂၃)ဧက၊ ယာမြေ (၆၄၄) ဧက၊ ဥယျာဉ်ခြံမြေ (၁၆) ဧက၊ အိမ်ခြံဝင်းစိုက်ခင်း (၃) ဧက၊

နှစ်ရှည်သီးနှံစိုက်ခင်း (၁၉) ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ရှိပါသည်။ စားကျက်မြေမှာ (၄၀)ဧက ရှိပြီး ပလပ်မြေမှာ (၄၀)ဧက ရှိပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | နည်း | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | ခက် |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ) | များ | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ အနေဖြင့် ရေနံထွက်ရှိမှုမှာနည်း၍ လက်လှမ်းမမီပါ။ သဘာဝ သဘာဝအပင်မျိုးစိတ်များအနေဖြင့် ဆေးဘက်ဝင်အပင်များ အသင့်အတင့်ရှိခြင်းနှင့် နွားစာမှာ ကောက်ပင်များ၊ ကြံပင်များ စိုက်ပျိုးလွယ် ခြင်းကြောင့် ပေါ်များပါသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၃၀ဧက | ၁၅ ဧက | ၂ ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက် | လေးပင်အိမ် | သုံးပင်အိမ် | သုံးပင်အိမ် |
| လုပ်ငန်းသုံး ကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ လက်တွန်း ထွန်စက် ရေစုပ်စက် | လက်တွန်း ထွန်စက် ရေစုပ်စက် | နွားလှည်း | နွားလှည်း |
| ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊သုံးဘီး၊ ဆိုင်ကယ်၊တီဗွီ၊ဖုန်း | ဆိုင်ကယ်၊ တီဗွီ၊ ဖုန်း | ဆိုင်ကယ်၊ ဖုန်း | ဆိုင်ကယ်၊ ဖုန်း |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ ကြီး | တောင်သူ လတ် | တောင်သူ ငယ် | ကူလီ |
| အခြားပိုင်ဆိုင်မှု | - | - | - | - |
| အိမ်ထောင်စု - | ၂၆(၁၂.၆၆%) | ၄၆ (၂၀.၀၉%) | ၈၇ (၃၇.၉၉%) | ၆၇(၂၉.၂၆%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ဥစ္စာဓနအဆင့်အနေဖြင့် အဆင်ပြေ သော အိမ်ထောင်စု၏ မြေပိုင်ဆိုင်မှုမှာ ( ၃၀ ) ဧကဖြစ်ပြီး တိုက်၊ ထွန်စက်၊လက်တွန်း၊ ရေစုပ်စက်၊ ကား၊ သုံးဘီး၊ ဆိုင်ကယ်၊ ရေခဲသေတ္တာ၊ TV စသည်တို့ ပိုင်ဆိုင်၍ အဓိကစီးပွားရေးလုပ်ငန်းမှာ တောင်သူကြီးများ ဖြစ်ကြပါသည်။ အလယ်အလတ်ရှိ အိမ်ထောင်စု၏ မြေဧကပိုင်ဆိုင်မှုမှာ (၁၅) ဧကရှိပြီး လေးပင်အိမ်၊ လက်တွန်း၊ ရေစုပ်စက်၊ ဆိုင်ကယ်၊ ဖုန်း ၊ TV၊ စသည်တို့ပိုင်ဆိုင်၍ အဓိကစီးပွားရေးလုပ်ငန်းမှာ တောင်သူလတ်များ ဖြစ်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုမှာ စိုက်ပျိုးမြေ (၂) ဧကထိ ပိုင်ဆိုင်၍ သုံးပင်အိမ်၊ နွားလှည်း၊ ဖုန်း၊ ဆိုင်ကယ် တို့ပိုင်ဆိုင်ပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ တောင်သူငယ်များ ဖြစ်ကြပါသည်။ အလွန်ဆင်းရဲသော မိသားစုမှာ သုံးပင်အိမ်၊ နွားလှည်း၊ ဖုန်း၊ ဆိုင်ကယ် တို့ရှိပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ ကူလီများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂၀ | ၄၃.၄% | ချေးယူ |
| ၃ လနှင့် ၆ လအောက် | ၂၆ | ၅၆.၅% | ချေးယူ |
| ၆ လ မှ ၁၂ လ အထိ | – | – | – |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် ချေးငွေယူ၍ စားသောက်နေရသော ၃လအောက် အိမ်ထောင်စု (၂၀)စု၊ ၃လနှင့် ၆လ အောက် အိမ်ထောင် စု (၂၆)စုရှိကြပါသည်။ ၎င်းတို့သည် ချေးယူပြီး စားဝတ်နေရေးနှင့် ကျန်းမာရေး၊ ပညာရေးများအတွက်

အသုံးပြုနေကြောင်းကို တွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | – | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ကျွန်တော်တို့ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်အိမ်ထောင်စု မရှိပါ။ သက်ရှိထင်ရှား (၆၀)နှစ်အထက် ဘိုးဘွားများအား မိမိတို့မိသားစုမှ စောင့်ရှောက်ပါသည်။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။ မသန်စွမ်းသည့်ပုဂ္ဂိုလ်များအား မိမိတို့မိသားစုမှ စောင့်ရှောက်ပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု မရှိပါ။ အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်သည့် ဆင်းရဲသား အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | တစ်နေ့တာလုပ်အားခဝင်ငွေ အသင့်အတင့်ရှိခြင်းကြောင့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | စိုက်ပျိုးမြေများစွာရှိပြီး ယာမြေမှ လယ်မြေပြောင်းရန် စိုက်ပျိုးရေ နည်းပါးခြင်း |
| ၃ | ရေကြီးခြင်း | – | – |
| ၄ | မိုးခေါင်ခြင်း | – | – |
| ၅ | အအေးလွန်ကဲခြင်း | – | – |
| ၆ | မုန်တိုင်း | – | – |
| ၇ | လျှော | – | – |
| ၈ | မီးဘေး | – | – |
| ၉ | ဆားငန်ရေဝင်မြေ | – | – |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | – | – |
| ၁၁ | သစ်တောပြုန်းတီးခြင်း | – | – |
| ၁၂ | ငှက်ဖျားရောဂါ | – | – |
| ၁၃ | တီဘီရောဂါ | – | – |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | – | – |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | – | – |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
| --- | --- | --- | --- |
| ၁၆ | တီရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | – | – |
| ၁၇ | လူကုန်ကူးခြင်း | – | – |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | – | – |
| ၁၉ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ ကျေးရွာတွင် အထက်ဖော်ပြပါ စားနပ်ရိက္ခာဖူလုံမှု မှာ သင့်တင့်သော လုပ်အားခဖြင့် သုံးစွဲစားသောက်ခြင်းကြောင့် လတ် အနေအထားသို့ ရောက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်မှာလည်း ကျရောက်မှုမရှိခြင်း၊ လူနှင့် တိရစ္ဆာန် များ ရောဂါမဖြစ်ပွားရခြင်းမှာ မိသားစုဝင်များ စောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးဆေးခန်း များ နီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ကြောင့် ဖြစ်သည်။ မီးဘေးအန္တရာယ်တွင် ကျေးရွာနေ ပြည်သူပြည်သားများမှ စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းထိန်းသိမ်းခြင်းတို့ကြောင့် ကာကွယ်နိုင်ခြင်းဖြစ်ပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
| --- | --- | --- | --- |
| ၁ | လူငယ် | – | – |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | – | – |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | အလုပ်အကိုင်အခွင့်အလမ်း |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | ကောင်းခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | - | - |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | ကုန်းမြေဖြစ်ခြင်း |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | - | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP) | - | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | - |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | (၁) ကန်သာရှိခြင်း |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | တောင်သူနှင့် ၅၀%ရှိခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | - | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
| --- | --- | --- | --- |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | - | - |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | - | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | - | - |
| ၂၀ | ကားသမား | – | – |
| ၂၁ | အခြား | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာတွင်ရှိထိခိုက်သက်ရောက်ခံရနိုင်သူများ အနေဖြင့် မင်းဘူးမြို့နှင့်နီးသောကြောင့် အလုပ်အကိုင်ကောင်းပြီး မိမိကျေးရွာမှ ခွဲခွာမှု နည်းပါးသည်။ ကုန်းမြေ မြေပြန့်ဖြစ်ခြင်းကြောင့် မြစ်ကမ်းဘေး နေထိုင်သူမရှိပါ။ ငါးကန် ပိုင်ရှင်မှာ ရွာ၏အရှေ့ဘက် ရွာဦးကျောင်းကန်သာ ရှိပါသည်။ တောင်သူနှင့် ကူလီများမှာ လုပ်အားခ ရာသီလိုက်ပေါက်ဈေးနှုန်းများ ရရှိသဖြင့် အဆင်ပြေမှုရှိပါသည်။ လူနည်းစု ဘာသာခြားများ မရှိခြင်း၊ ဒေသပဋိပက္ခမရှိခြင်း၊ မိမိကျေးရွာတွင် အဆင်ပြေ၍ နယ်စပ်သွားလာမှု နည်းပါးခြင်း၊ မည်သည့်ဒေသမှ သွားရောက်လုပ်ကိုင်မှု မရှိခြင်း၊ အရက်များရောင်းချမှု မရှိခြင်းကြောင့် မူးယစ်သုံးစွဲမှုနည်းခြင်း၊ လှည့်လည်လုပ်ကိုင် ဈေးရောင်းသူများ မရှိပါ။ ရွာတွင် လုပ်ကိုင်စားသောက်နေထိုင်ကြ ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း | အမျိုး | အဖွဲ့ဝင်ဦးရေ | လုပ်ငန်း တာဝန် | ဦးဆောင် | စွမ်း |
| --- | --- | --- | --- | --- | --- | --- |

| | အမည် | အစား (၁/၂/၃) | ကျား | မ | ပေါင်း | | ဖွဲ့စည်းသူများ (၄/၅) | ဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | ရန်ပုံငွေအဖွဲ့ | ၁ | ၇ | – | ၇ | ဖွံ့ဖြိုးရေးတာဝန် | ၄ | ၇ |
| ၂ | မဏ္ဍပ်ဆင် အဖွဲ့ | ၁ | ၁၀ | – | ၁၀ | ။ | ၄ | ၇ |
| ၃ | ဝတ်အသင်းအဖွဲ့ | ၃ | – | ၁၀ | ၁၀ | အန္တရာယ်ကင်းရှင်းစေရေး | ၄ | ၇ |
| ၄ | လူငယ်အဖွဲ့ | ၁ | ၅၀ | – | ၅၀ | လုံခြုံရေးတာဝန် | ၄ | ၈ |
| ၅ | မီးသတ်အဖွဲ့ | ၁ | ၂၀ | – | ၂၀ | မီးဘေး ကြိုတင်ကာကွယ်ရေး | ၄ | ၈ |
| ၆ | ချက်ဖိုအဖွဲ့ | ၂ | ၁၀ | ၅ | ၁၅ | သာရေး/နာရေး | ၄ | ၇ |
| ၇ | Pact Myanmar | ၁ | – | ၃၅ | ၃၅ | ချေးငွေ | ၅ | ၈ |
| ၈ | ဓမ္မစကူး အဖွဲ့ | ၃ | ၅ | ၅ | ၅ | အသိအလိမ်မှာတိုးပွားစေရန် | ၄ | ၈ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် ရန်ပုံငွေအဖွဲ့၊ မဏ္ဍပ်ဆင်အဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ လူငယ်အဖွဲ့၊ မီးသတ်အဖွဲ့၊ချက်ဖိုအဖွဲ့၊ (Pact Myanmar )၊ ဓမ္မစကူးအဖွဲ့ ဟူ၍ရှိပါသည်။

**(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact Myanmar | ၂ | အသေးစားငွေစုငွေချေးလုပ်ငန်း |
| ၂ | သမ | ၄ | ချေးငွေပေးခြင်းနှင့် (၆)လတွင် ပြန်လည်ပေးဆပ်ရန် |
| ၃ | စိုက်ပျိုးဘဏ် | ၄ | စိုက်ပျိုးရေးအတွက် ငွေထုတ်ပေး ခြင်းနှင့် သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးသွင်းရန် |
| ၄ | ဆိတ်ဘဏ် | ၄ | မွေးမြူရေးအတွက် ငွေထုတ်ပေး ခြင်းနှင့် တိရစ္ဆာန်များအား မွေးမြူ ထားရှိရန် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ယခုလက်ရှိ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းPact Myanmar အဖွဲ့၊ သမအဖွဲ့၊ စိုက်ပျိုးရေးဘဏ်နှင့် ဆိတ်ဘဏ် တို့မှ ချေးငွေများရရှိပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၄ | ၄၉.၇၈% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁၂ | ၅.၂၄% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၃၇ | ၁၆.၁၆% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၄၀ | ၁၇.၄၇% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၂၆ | ၁၁.၃၅% | တောင်သူကြီး |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၂၉ | ၁၀၀% | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၂၂၉)စုရှိသည့်အနက် မြေယာမဲ့အိမ်ထောင်စု(၁၁၄)စု၊ ၂.၅ ဧကအောက်မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု(၁၂)စု၊ ၂.၅ ဧကမှ ၅ ဧကအထိမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု(၃၇)စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု (၄၀)စုတို့ ရှိပါသည်။

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | - | ရာသီအလိုက် | - |
| ၂ | ရေလွှဲဆည် | အိုင်းမ | - | ရာသီအလိုက် | မရှိ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | - | - | - |
| ၄ | အဝီစိတွင်း | - | - | တစ်နှစ်ပတ်လုံး | ရှိ |
| ၅ | လက်ငင်ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | - | - | - | - |

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၈ | အခြား | - | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် ဆည်ရေကို (အစိုးရ )အိုင်းမဆည်မှ ရရှိပါသည်။ ဆည်ရေမှာ မြောင်းတွင် ရေလာမှုနည်းနေသဖြင့် လုံလောက်မှုမရှိပါ။ မြောင်းနှင့် ဝေးသောနေရာများတွင် ရေမရ၍ အခက်အခဲများ ဖြစ်ပါသည်။ ရေလာသည့်အခါ ရေများလျှင် မြောင်းများကျိုးခြင်း၊ တူးပေါက်ခြင်း၊ ပြုပြင်သော်လည်း ရေရှည်တည်တံ့ခိုင်မြဲမှု မရှိခြင်းတို့ ဖြစ်ပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/ လတ်/ မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၂၀၀၀ | တင်း | ၃ | ၁၀ | ၇ | နယုန် | တော်သလင်း | လတ် | နိမ့် | **သီးနှံဈေးညံ့** |
| မိုး | ၄၀၀ | တင်း | ၃၀ | ၉၀ | ၆၀ | ဝါဆို | သီတင်း | လတ် | နိမ့် | **သီးနှံ** |

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | | | | | | | ကျွတ် | | | ဈေးညှိ |
| ကုလားပဲ | ၄၀၀ | တင်း | ၄ | ၂၀ | ၁၅ | သီတင်းကျွတ် | ပြာသို | လတ် | လတ် | ကုန်ကျစရိတ်နည်း |
| နေကြာ | ၂၀၀ | တင်း | ၁၀ | ၃၀ | ၂၀ | သီတင်းကျွတ် | ပြာသို | လတ် | လတ် | ကုန်ကျစရိတ်နည်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် နှမ်းမှာ ဧက(၂၀၀၀) စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှထွက်နှုန်းမှာ (၇ တင်း)အထိထွက်ရှိပြီး သီးနှံဈေးမကောင်းခြင်းကြောင့် အမြတ်ရရှိမှု (နိမ့်)ဖြစ်ပါသည်။ စပါးမှာ ဧက(၄၀၀)စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှထွက်နှုန်းမှာ (၆၀တင်း)အထိထွက်ရှိပြီး သီးနှံဈေးမကောင်းခြင်းကြောင့် အမြတ်ရရှိမှု (နိမ့်)ဖြစ်ပါသည်။ ကုလားပဲမှာ ဧက(၄၀၀)စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှထွက်နှုန်းမှာ (၁၅ တင်း)အထိထွက်ရှိပြီး သီးနှံဈေးအသင့်အတင့်ရှိပြီး ကုန်ကျစရိတ်နည်းပါးခြင်းကြောင့် အမြတ်ရရှိနိုင်မှုရှိပါသည်။ နေကြာမှာ ဧက(၂၀၀) စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှ ထွက်နှုန်းမှာ (၂၀ တင်း) အထိ သီးနှံဈေးအသင့်အတင့်ရှိပြီး ကုန်ကျစရိတ်နည်းပါးခြင်းကြောင့် အမြတ်ရရှိနိုင်မှုရှိပါ သည်။

(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် အရေအတွက် | အဖွဲ့ပိုင် လယ်သမားဦးရေ | ရွာပိုင် အရေအတွက် | ရွာပိုင် လယ်သမားဦးရေ | | |
| ထွန်စက် | ၁ | - | - | - | - | - | |
| လက်တွန်းထွန်စက် | ၁၁ | - | - | - | - | - | - |
| အစေ့ချကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - | - | - | - |
| ခြွေလှေ့စက် | ၁ | ၁ | ၁ | - | - | ၁ | - |
| ရေစုပ်စက် | ၁၀ | ၁၀ | ၁၀ | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | - |
| မြက်ရိတ်စက် | ၁ | - | - | - | - | - | - |
| နွားစာ | ၈ | ၈ | ၈ | - | - | - | - |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| စဉ်းစက် | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးသုံးစက် ကိရိယာပိုင်ဆိုင်မှု အနေဖြင့် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၁)စီး၊ ခြွေလှေ့စက်(၁)၊ ရေစုပ်စက် (၁၀)လုံးနှင့် နွားစာစဉ်းစက် (၈)လုံးတို့ရှိပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီဩဇာ) | မြေဆီ၊မြေဩဇာမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ |
| ရေရင်းမြစ် | ဆည်၊ မိုးရေ၊ ရေလှောင်ကန်မှ ရရှိပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ | နွားချေး၊ဆိတ်ချေး၊ သစ်ရွက်ဆွေးများ ရရှိပါသည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | ကျေးရွာနှင့်မြို့များတွင်ဝယ်ယူရရှိနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်၊ Pact ၊ သမဝါယမ မှ ချေးငွေများ ထုတ်ချေးပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | မြင်းကျားစိုက်ပျိုးရေးဆေးကုမ္ပဏီ ရှိပါသည်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သွင်းအားစုဈေးကွက် | **မင်းဘူး၊မကွေးမှဝယ်ယူရရှိနိုင်ပါသည်။** |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | **မင်းဘူး၊ မကွေးသို့ သွားရောက်ရောင်းချနိုင်ပါသည်။** |
| အခြား | – |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်မှု တိုးတက် စေရန် အတွက် ရေရင်းမြစ်အနေဖြင့် ဆည်ရေ၊ မိုးရေတို့မှ ရရှိပါသည်။ သဘာဝ မြေဆွေးများ အဖြစ်သစ်ရွက်ဆွေး၊ ဆိတ်ချေး၊ နွားချေးများအသုံးပြုပြီး အော်ဂဲနစ်ဓာတု ပိုးသတ်ဆေးများကိုတော့ မကွေး၊ မင်းဘူးမြို့များ သို့ အလွယ်တကူ သွားရောက်၍ဝယ်ယူ နိုင်ပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများအနေဖြင့် စိုက်ဘဏ်၊ Pact သမဝါယမနှင့် ဆိတ်ဘဏ် ဟူ၍ရှိပါသည်။ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုဟူ၍ မြင်းကျားစိုက်ပျိုးရေး ဆေးကုမ္ပဏီ ရှိပါသည်။ သွင်းအားစုဈေးကွက်အနေဖြင့် မင်းဘူးမြို့၊ မကွေးမြို့တို့မှ ဝယ်ယူရရှိနိုင် ပါသည်။ ထုတ်ကုန်များကိုလည်း နီးစပ်ရာမြို့ရှိ ကုန်စည်ဒိုင်သို့ သွားရောက် ရောင်းချနိုင်ပါ သည်။**

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | **တိုးချဲ့မှုမရနိုင်ပါ။** |
| မြေဆီသြဇာ အခြေအနေ | **ဓာတုဆေးသုံးစွဲမှုကြောင့် ပျက်စီး** |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | **နည်းပါးပါသည်။** |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | **မရှိပါ။** |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ | **လုပ်သားကျွမ်းကျင်မှု နည်းပါးခြင်း** |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မကျွမ်းကျင်သူ) | |
| ရေရင်းမြစ်များ ရရှိနိုင်မှု | **နည်းပါးပါသည်။** |
| စိုက်ပျိုးရေ မလုံလောက်မှု | **မိုးရေ နည်းပါးမှု** |
| ဖျက်ပိုးနှင့် ရောဂါ | **ပိုးသတ်ဆေး စနစ်တကျ မသုံးစွဲတတ်ခြင်း** |
| ဈေးကွက် လက်လှမ်းမီမှု | **သီးနှံဈေးမကောင်းခြင်း** |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **နည်းပါးခြင်း** |
| **အခြား** | – |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** – လယ်သမား အုပ်စု၊ (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့် စိန်ခေါ်မှုများမှာ စိုက်ပျိုးရေ နည်းပါးခြင်း၊ တစ်ခါတစ်ရံ မိုးနည်းခြင်း၊ ပိုးသတ်ဆေးများ စနစ်တကျ မသုံးတတ်ခြင်း၊ ပိုးကျချိန်တွင် ငွေကြေးမရှိ၍ အချိန်မီ ဆေးမဖြန်းနိုင်ပါသဖြင့် သီးနှံများ ထွက်နှုန်းနည်းပါးသည်။ ဈေးကွက်လက်လှမ်းမီသော်လည်း သီးနှံဈေးမကောင်း ခြင်း၊ နည်းပညာ လက်လှမ်းမမီ၍ အကူအညီ နည်းပါးခြင်းတို့ ဖြစ်ပါသည်။**

(၂.၂.၂) **မွေးမြူရေးလုပ်ငန်း**

(၂.၂.၂.၁) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

**ဇယား** (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၁၀၃ | ၅၁၇ | – |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **နို့စားနွား** | – | – | – |
| **မြင်း** | ၃ | ၃ | – |
| **ကျွဲ** | – | – | – |
| မြည်း | – | – | – |
| လား | – | – | – |
| ဆိတ် | ၆ | ၁၃၅ | – |
| သိုး | – | – | – |
| ဝက် | ၃၄ | ၃၉ | – |
| ကြက် | ၁၄၈ | ၁၄၆၈ | – |
| ဘဲ | – | – | – |
| နွားနောက် | – | – | – |
| အခြား | – | – | – |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | – | – | – |
| ပုဇွန်ကန် | – | – | – |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | – | – | – |
| ရေချို ငါးဖမ်းလုပ်ငန်း | – | – | – |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | – | – | – |
| အခြား | – | – | – |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေမှာ မွေးမြူရေးအိမ်ထောင်စု (၁၀၃)စုရှိပြီး နွားကောင်ရေ (၅၁၇)ကောင်၊ မြင်း (၃)ကောင်၊ ဆိတ် (၁၃၅)ကောင်၊ ဝက် (၃၉)ကောင်နှင့် ကြက် (၁၄၆၈)ကောင် ရှိပါသည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | **ရိတ်သိမ်းပြီးစီးချိန်** |
| **ရေရရှိမှု** | **အဝီစိတွင်းမှ ရရှိခြင်း** |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | **လက်လှမ်းမမီ** |
| ချေးငွေ | **စိုက်ဘဏ်၊ ဆိတ်ဘဏ်၊ သမဝါယမနှင့် Pact** |
| သွင်းအားစု ဈေးကွက် | **လက်လှမ်းမီ** |
| ဝန်ဆောင်မှု ဈေးကွက် | – |
| ထုတ်ကုန် ရောင်းဝယ်မှု | **လက်လှမ်းမီပါသည်။** |
| **အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု** | **ရှိပါသည်။** |
| **အခြား** | – |
| **ငါးလုပ်ငန်း** | |
| **ငါး/ပုဇွန်သားပေါက်** | ငါးမွေးမြူမှု မရှိသလောက်နည်းပါး သောကြောင့် လက်လှမ်းမီမှု နည်းပါးလှပါသည်။ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **လက်လှမ်းမီမှု** | |
| **ဈေးငွေ** | အလယ်အလတ်ရှိပါသည်။ |
| **သွင်းအားစု လက်လှမ်းမီမှု** | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပါးပါသည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | – |
| **အခြား** | – |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးကဏ္ဍတိုးတက်စေရန် အတွက် အခွင့်အလမ်းများအနေဖြင့် ရိတ်သိမ်းပြီး ယာမြေ၊ လယ်မြေများ ပြီးချိန်တွင် စားကျက်မြေအဖြစ် နွားများ၊ ဆိတ်များ စားသောက်ရပါသည်။ သောက်ရေမှာ အဝီစိတွင်းမှ ရရှိပြီး လျှပ်စစ်မော်တာများ၊ လက်နှိပ်တွင်းများ ရှိပါသည်။ ငါးမွေးမြူမှုမှာ မရှိသလောက် နည်းပါးသောကြောင့် လက်လှမ်းမီမှုမရှိပါ၊ ဈေးငွေမှာ အလယ်အလတ်တန်းစား ဖြစ်ပါသည်။**

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေ ရရှိနိုင်မှု | လုံလောက်မှုမရှိခြင်း |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | မရှိပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မရှိပါ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မရှိပါ။ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |
| ချေးငွေ ရရှိနိုင်မှု | - |
| အခြား | - |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေ ရရှိပြီး လုံလောက်မှုမရှိပါ။ နည်းပညာအကူအညီနှင့် နည်းလမ်းများဟူ၍ မရှိပါ။ မွေးမြူရေး လုပ်ငန်းများတွင် ဈေးနှုန်းမြင့်မားခြင်းကြောင့် လက်လှမ်းမီမှု မရှိခြင်း တို့ဖြစ်ပါသည်။**

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | – | – | – | – |
| ၂ | ထုတ်ကုန်လုပ်ငန်း | – | – | – | – |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | – | – | – | – |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | – | – | – | – |
| ၅ | ယာဉ်၊စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | – | – | – | – |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | – | – | – | – |
| ၇ | လက်လီ–လက်ကားရောင်း ဝယ်ရေး | ၁၅ | – | ၁၅ | အိမ်ဈေးဆိုင် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် | – | – | – | – |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၄ | ၄ | – | ဆိုင်ကယ်ကယ်ရီ |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်း လုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | – | – | – | – |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက် စပ်သော လုပ်ငန်းများ | – | – | – | – |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန် းများ (အုပ်ချုပ်ရေး၊ ကာကွယ် ရေးနှင့် **ဘေးကင်းလုံခြုံရေး)** | ၃ | ၃ | – | ဘဏ်ဝန်ထမ်း–၁ဦး<br>လျှပ်စစ် ဝန်ထမ်း–၁ဦး<br>မြေစာရင်းဝန်ထမ်း–၁ ဦး |
| ၁၃ | ပညာရေး | ၄ | ၄ | – | ဆရာ/မ–၄ဦး |
| ၁၄ | ကျန်းမာရေး | ၁ | ၁ | – | သူနာပြု–၁ဦး |
| ၁၅ | လူမှုရေးလုပ်ငန်းများ | – | – | – | – |
| ၁၆ | အိမ်များတွင် အငှားလိုက် | ၂ | ၂ | – | ထိုင်း–၂ဦး |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | လုပ်သူများနှင့်အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်း များ | | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင် သူများ (ဥပမာ – UN, INGOs, Companies. etc.,) | ၁ | ၁ | – | အင်ဂျင်နီယာ (ရန်ကုန်) |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ** | **၃၉၉** | **၃၅၆** | **၇၃** | **-** |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ငန်းအနေဖြင့်** ဘဏ်ဝန်ထမ်း၊ လျှပ်စစ်ဝန်ထမ်း၊ မြေစာရင်းဝန်ထမ်း၊ ပညာရေး ဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ ထိုင်းသို့သွားရောက်လုပ်ကိုင်သူ၊ ပြင်ပအဖွဲ့အစည်း နှင့် ကုမ္ပဏီဝန်ထမ်း တို့ဖြစ်ကြပါသည်။

**(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃–က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ကား | ဝပ်ရှော့မရှိခြင်းကြောင့် မသင်ကြားနိုင်ခြင်း |
| စက်ချုပ် | နည်းပညာပေးသောအဖွဲ့အစည်းနှင့် ချိတ်ဆက်မှု နည်းခြင်း |
| ဆိုင်ကယ်ပြင် | ရွာတွင် ဆိုင်ကယ်ပြင်ဆင်မှု မရှိခြင်း |
| ပန်းရံ | နည်းပညာပေးသောသူ မရှိခြင်းကြောင့် မသင်ကြားနိုင်ခြင်း |
| လက်သမား | တတ်မြောက်ကျွမ်းကျင်သူ မရှိသောကြောင့် မသင်ကြားနိုင်ခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအနေဖြင့် လေ့လာတွေ့ရှိချက်အရ စက်ချုပ်ရာတွင် ရှိသော်လည်း သင်ကြားမှုနည်းခြင်း၊ ပန်းရံလက်သမား နည်းပညာပေးသောသူ မရှိခြင်းကြောင့် မသင်ကြားနိုင်ခြင်းနှင့် တတ်မြောက်ကျွမ်းကျင်သူမရှိခြင်းကြောင့် သင်ကြားနိုင်ခြင်း မရှိပါ။

ကျေးရွာတွင် ကားဝပ်ရှော့နှင့် ဆိုင်ကယ်ပြုပြင်ရေး မရှိသောကြောင့် သင်ကြားနိုင်ခြင်း မရှိပါ။

ဇယား (၂၃–ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဈေးရောင်း/ဝယ် | ဈေးဆိုင်များ ရောင်းဝယ်ရေးမှာ မြို့နှင့်နီးသော ကြောင့် လွယ်ကူကောင်းမွန်ပြီး အဆင်ပြေပါသည်။ |
| စက်ချုပ် | စက်ချုပ်ဆရာမ မင်းဘူးမြို့သို့ ဆိုင်ခန်းဖွင့်ရာတွင် အဆင်ပြေပါသည်။ |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ

လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများမှာ ဈေးဆိုင်များ မင်းဘူးမြို့နှင့်နီးစပ်၍ ကူသန်းရောင်းဝယ်ရေး လွယ်ကူခြင်း၊ စက်ချုပ်လုပ်ငန်းရှင်မှာ မင်းဘူးမြို့သို့ ဆိုင်ခန်းဖွင့်၍အဆင်ပြေပြီး ပြဿနာနှင့် အခက်အခဲမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၃) ရွှေ့ပြောင်းလုပ်သားများ

(၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံး ရှိသော အိမ်ထောင်စု | ၃ | ၃ | - | ၃ | ၁ | - | ၁ | ၂ | - | ၂ |
| ၂ | ရွှေ့ပြောင်း လုပ်ကိုင်သော ကျေးရွာရှိ လူဦးရေ | ၃ | - | - | ၉၅ | - | - | - | - | - | - |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၆ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထိ | - | - | - | - | - | - | - | - | - | - |

| # | ပုံစံ | အိမ်ထောင်စု အရေ အတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | ၁၂ လ အထက် | ၃ | ၃ | - | ၃ | ၁ | - | ၁ | ၂ | - | ၂ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်း ဆုံးရှိသော အိမ်ထောင်စု(၃)စုရှိ၍ ပြည်တွင်း ကျား (၁)ဦး၊ ပြည်ပ ကျား (၂)ဦး ဖြစ်ပြီး ရွှေ့ပြောင်းလုပ်သားများမှာ ၁၂ လအထက်မှာ ပြည်တွင်း ကျား (၁)ဦး၊ ပြည်ပ ကျား (၂)ဦး တို့ဖြစ်ပါသည်။**

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာရခြင်း**၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများရှာဖွေရန် | ၃ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

**ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်းမှာပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်လမ်းများ ရှာဖွေရန်အတွက်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၃ | ၁.၃% | – | ✔ | – |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | – | – | – | – | – |
| | - ဘဏ် | ၃ | – | – | ✔ | – |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | – | – | – | ✔ | – |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | – | – | – | – | – |
| | –ငွေလွှဲလုပ်ငန်း၊လူကြုံဖြင့်လွှဲပို့ခြင်း | – | – | – | – | – |
| | – ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | – | – | – | – | – |
| | – ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | – | – | – | – | – |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။ လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ မှီခိုနေသောအိမ်ထောင်စုမှာ (၃)စုရှိ၍ ဘဏ်မှငွေလွှဲကြပြီး ကျေးရွာအတွင်း စုစုပေါင်း အိမ်ထောင်စု၏ (၁.၃) ဖြစ်ကြောင်း လေ့လာတွေ့ရှိပါသည်။**

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

**ဇယား** (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | မင်းဘူး(၃)မိုင်( ၆)မိုင် | မကွေး(၆)မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | ကား၊ဆိုင်ကယ်၊ မြင်းလှည်း | ကား၊ဆိုင်ကယ်၊သုံးဘီး |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင် မှုပေးနိုင်မှု | ပဲ၊ဆန်၊ဆီ၊လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်း | ပဲ၊ဆန်၊ဆီ၊လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်း |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | သွပ်မိုး၊ကွန်ကရစ်ခင်း တစ်ထပ်ဈေး | သွပ်မိုး၊ကွန်ကရစ်ခင်း နှစ်ထပ်ဈေး |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာမှ အနီးဆုံးဈေးမှာ မင်းဘူးမြို့တွင် တည်ရှိပြီး (၃)မိုင်(၆)ဖာလုံ ခန့်ကွာဝေးပြီး မကွေးဈေးနှင့်(၆)မိုင်ခွဲခန့် ကွာဝေးပါသည်။ သယ်သူပို့ဆောင်ရေးလမ်းကြောင်းအနေဖြင့် ကား၊ ဆိုင်ကယ်၊ သုံးဘီးတို့နှင့် သွားလာနိုင်ပြီး ပဲ၊ ဆန်၊ ဆီ၊ လူသုံးကုန်၊ စားသောက်ကုန် စသည်တို့ဝယ်ယူနိုင်သောကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုမှာ အကောင်းဆုံး အနေအထားမှာရှိပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်) | စိုက်ပျိုးရေး ချေးငွေ | (၆)လ | ၆၅ပြား | လယ်/ ယာမြေ | မှတ်ပုံတင် ပုံစံ(၇)ရှိခြင်း |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| ပုဂ္ဂလိကဘဏ် | – | – | – | – | – |
| ပုဂ္ဂလိကအသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | – | – | – | – | – |
| အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ် | Pact / သမဝါယမ | ၁၄ရက် (၁) | ပြား(၆၀) | မလို | အသင်းဝင်မှသာ |
| ငွေချေးပေးသူ | – | – | – | – | – |
| အပေါင်ဆိုင် | ရွှေ | ၃ လ | ၃ ကျပ် | ရွှေ | ဘောင်ချာစာရွက် |
| မိတ်ဆွေနှင့်ဆွေမျိုး များ | – | – | – | – | – |
| အခြား | – | – | – | – | – |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာ၏ငွေကြေးလက်လှမ်းမီမှုအနေဖြင့် စိုက်/ ဘဏ် ၊Pact နှင့် သမဝါယမတို့မှ ချေးငွေများရရှိခြင်းများရှိပါသည်။ အတိုးနှုန်းမှာ ၆၅ ပြား ဖြစ်ပါသည်။ ထုတ်ယူချိန်မှာ ဝါဆိုလဆန်းဖြစ်ပြီး ပြန်သွင်းချိန်မှာ စာပို့တွဲလဆန်း ဖြစ်ပါ သည်။ အပေါင်ဆိုင်မှာ မင်းဘူးသို့သွား၍ ရွှေများကို ပေါင်းနှံရပါသည်။ အတိုးနှုန်းမှာ ၃ ကျပ် ဖြစ်ပြီး ၃လတစ်ကြိမ် အတိုးသပ်ရပါသည်။ အခက်အခဲမှာ ဘောင်ချာစာရွက် ပေးရပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် | မြေများအသင့်အတင့်ရှိသောကြောင့် |
| အပင်မျိုးစိတ်များ | နိမ့် | ဓာတုဆေးဝါးအလွန်အကျွံသုံးစွဲခြင်း |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | လတ် | ဆေးဝါးသုံးစွဲခြင်းကြောင့် |
| ရေရင်းမြစ် | လတ် | ရေရရှိမှု နည်းပါးခြင်း |
| ငါးမျိုးကွဲများ | နိမ့် | သဘာဝငါးများတက်ရောက်ခြင်း |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | နွားများ၊ဆိတ်များနှင့် ကြက်များရှိခြင်း |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | စက်ရုံအလုပ်များနှင့်နီးစပ်မှုမရှိခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာ၏သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်မီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများမှာ ကောင်းမွန်သော သီးနှံမျိုးစပါးများမရှိခြင်းနှင့် ဆေးဝါးသုံးစွဲမှုများ လွန်ကဲခြင်း၊ နည်းပါး ခြင်းတို့ကြောင့် သီးနှံထွက်နှုန်းများ နည်းပါသည်။ ငါးမွေးမြူရေးမှာ မရှိသလောက် နည်းပါး၍ အခြားတိရစ္ဆာန်များမှာ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက် စသည်များသာရှိပါသည်။ စွန့်ပစ်ပစ္စည်းများမှာ စက်ရုံများနှင့်ဝေးသောကြောင့် စွန့်ပစ်ခြင်း မရှိပါ။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၂ | ၂၈ | ၃၀ | ၃.၆၅% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၆၁ | ၄၁ | ၁၀၂ | ၁၂.၅% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၁၅၄ | ၁၇၃ | ၃၂၇ | ၃၉.၈% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၃၇ | ၁၄၄ | ၂၈၁ | ၃၄.၂% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၅ | ၃၁ | ၅၆ | ၆.၈% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၇ | ၄ | ၁၁ | ၁.၃% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၇ | ၇ | ၁၄ | ၁.၇% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၃၉၃** | **၄၂၈** | **၈၂၁** | **၁၀၀%** |

**ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် စာမတတ်သူဦးရေ(၃၀)ဦး၊ ဘုန်း ကြီးကျောင်းသင်ပညာရေး(၁၀၂)ဦး၊ မူလတန်းပညာရေးမပြီးဆုံးသေးသူ(၃၂၇)ဦး၊ မူလတန်း ပညာရေးပြီးဆုံးသူ(၂၈၁)ဦး၊ အလယ်တန်းပညာရေးပြီးဆုံးသူ(၅၆)ဦး၊ အထက်တန်း ပညာရေးပြီးဆုံးသူ(၁၁)ဦး၊ တက္ကသိုလ်ပညာရေးပြီးဆုံးသူ(၁၄)ဦး၊ စုစုပေါင်း၉နှစ်အထက် ပညာရေးနှင့်စာတတ်မြောက်မှုမှာ (၈၂၁)ဦးရှိပါသည်။**

## (၂.၇.၂) ကျောင်းတက်နှုန်း

**ဇယား** (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း(၅-၉ နှစ်) | ၄၉ | ၄၇ | ၉၆ | ၅၃.၆% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၃၂ | ၂၆ | ၅၈ | ၃၂.၄% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၄ | ၁၀ | ၁၄ | ၇.၈% |

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| တက္ကသိုလ် ကျောင်းသား၊ သူ | ၇ | ၄ | ၁၁ | ၆.၁% |
| | | | | |

**ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် မူလတန်းကျောင်းတက်သူ ကျောင်းသားဦးရေ(၅-၉)နှစ်အထိ ကျား(၄၉)၊ မ(၄၇) စုစုပေါင်း(၉၆)ယောက်နှင့် အလယ်တန်း(၁၀-၁၄)နှစ် ကျောင်းသားဦးရေကျား(၃၂)၊ မ(၂၆) စုစုပေါင်း(၅၈)ယောက်နှင့် အထက်တန်းတွင် ပညာသင်ကြားနေသူ(၁၅-၁၆)နှစ်ကြား ကျား(၄)၊ မ(၁၀) စုစုပေါင်း (၁၄) ယောက်နှင့် တက္ကသိုလ်ကျောင်းသားကျား(၇)၊ မ(၄) စုစုပေါင်း (၁၁)ယောက် ရှိပါသည်။ ပညာတတ်များ ထွန်းကားလာခြင်းကြောင့် နောင်လာမည့် ကြယ်ပွင့်များ အခက်အခဲမရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်းခွဲ |
|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | ၁ ဖာလုံ | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | (၄၀ပေ၊၃၀ပေ၊၁၂ပေ)<br>(၆၀ပေ၊၃၀ပေ၊၁၂ပေ)<br>(၈၀ပေ၊၃၀ပေ၊၁၂ပေ) | (၁၂၀ပေ၊၃၀ပေ၊၁၂ပေ) |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | သွပ်၊အုတ်၊ တမံတလင်း | သွပ်၊အုတ်၊ တမံတလင်း |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | လုံလောက်မှုမရှိ | လုံလောက်မှုမရှိ |

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်းခွဲ | | |
|---|---|---|---|---|---|---|
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | အလှူရှင်ပေါ်လျှင် ကျွေးပါသည်။ | | | အလှူရှင်ပေါ်လျှင် ကျွေးပါသည်။ | | |
| ကျောင်းဆရာဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၂ | ၂ | ၄ | - | ၅ | ၅ |
| ကျေးရွာခန့် | - | - | - | - | - | - |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် မူလတန်းကျောင်းကို သယ်ယူပို့ဆောင်ရေး အနေဖြင့် ခြေလျင်ကျောင်းတက်ကြပါသည်။ မူလတန်းစာသင်ကျောင်း ဆောင်အရွယ်အစားမှာ အလျား (၄၀ပေ၊ အနံ ၃၀ပေ၊ အမြင့်၁၂ပေ)၊ (၆၀ပေ၊ အနံ ၃၀ပေ၊ အမြင့်၁၂ပေ)၊(၈၀ပေ၊ အနံ ၃၀ပေ၊ အမြင့်၁၂ပေ) ဟူ၍ စုစုပေါင်း (၃)ဆောင်ရှိပါသည်။ အစိုးရခန့် ကျောင်းဆရာ/ဆရာမဦးရေအနေဖြင့် ၉ ဦးရှိပါသည်။**

## (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၉ဦး |
| တပည့် – ဆရာ အချိုး | ၅၀/၁(မူလတန်း)၊ ၂၅/ ၁ (အလယ်တန်း) |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ၂ဦး (မိဘကူညီရန်) |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိပါ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လုံလောက်မှုရှိပါသည်/ |
| **ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု** | အခမဲ့ပညာသင်ပေးခြင်းနှင့် ငွေကြေးကောက်ခံမှု များမရှိခြင်းတို့ကြောင့် |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| | အခက်အခဲမရှိခြင်း |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | ရှိ (မင်းဘူး၊မကွေး) |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ရှိပါသည်။ |
| | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာ၏ကျောင်းတွင် ဆရာ၊ဆရာမဦးရေ (၉)ဦးခန့်ရှိ၍ တပည့်ဆရာအချိုးမှာလည်း ပြေလည်မှုရှိပါသည်။မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီစဉ် အနေဖြင့်မရှိခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ လုံလောက်မှုရှိပါသည်။ ဆင်းရဲသော **အိမ်ထောင်စုများသည့်အတွက်** အခမဲ့ပညာသင်ပေးခြင်းနှင့် ငွေကြေးကောက်ခံမှု များမရှိခြင်းတို့ကြောင့် အခက်အခဲမရှိပါ။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|---|
| | | *မြင့်* | *နိမ့်* | *မရှိ* | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | – | ✔ | – | ယင်နားစာမစားမိစေရန်လိုက်နာ*စေခြင်း* |
| ၂ | သွေးလွန်တုပ်ကွေး | – | ✔ | – | ခြင်းကိုက်ခြင်းမခံရအောင် ကျန်းမာရေးအသိပေးမှုများ |
| ၃ | ငှက်ဖျား | – | ✔ | – | – |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | – | – | ✔ | – |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | – | – | ✔ | – |
| ၆ | တီဘီ | – | ✔ | – | နိုင်ငံတော်မှ အခမဲ့ဆေးပေးခြင်း |
| ၇ | ဆီးချို | – | ✔ | – | အချိုအလွန်အကျွံစားသုံး ခြင်းကြောင့် |
| ၈ | သွေးတိုး | – | ✔ | – | အငန်အလွန်အကျွံစားသုံး ခြင်းကြောင့် |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | – | ✔ | – | – |
| ၁၀ | အာဟာရ ချို့တဲ့မှု | – | ✔ | – | – |
| ၁၀ | အခြား ကူးစက်နိုင်သော ရောဂါများ | – | – | ✔ | – |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အဖြစ်များသောရောဂါ များမှာ ခြင်းပေါက်ဖွားနိုင်သည့်နေရာများ ရှိနေခြင်းကြောင့် သွေးလွန်တုပ်ကွေး အနည်းငယ်ဖြစ်ပွားမှုရှိပါသည်။အငန်အလွန်အကျွံစားသုံးခြင်းကြောင့် ဆီးချို၊သွေးတိုးရောဂါ အနည်းငယ် ဖြစ်ပွားမှုရှိပါသည်။ရှုပ်ပွေခြင်း၊ အပျော်အပါး လိုက်စားခြင်း နည်းပါးသောကြောင့် HIV / AIDS ကူးစက်ရောဂါမရှိခြင်း၊ အဆီအစိမ့်များ စားသုံးမှုနည်းပါးခြင်းကြောင့် သွေးတိုးရောဂါ နည်းပါးခြင်းနှင့်

သက်ဆိုင်ရာဆေးခန်းသို့ သွားရောက်ကုသကြပါသည်။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| *စဉ်* | ကာကွယ်ဆေးထိုးခြင်း | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | – | နိုင်ငံတော်မှ အခမဲ့လာရောက် ထိုးပေးခြင်း |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | – | နိုင်ငံတော်မှ အခမဲ့လာရောက် ထိုးပေးခြင်း |
| ၃ | ပိုလီယိုရောဂါ | ✔ | – | နိုင်ငံတော်မှ အခမဲ့လာရောက် ထိုးပေးခြင်း |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | – | လစဉ်ဆရာမများ လာရောက်ထိုးနှံ ခြင်း |
| ၅ | ဝက်သက်ရောဂါ | ✔ | – | နိုင်ငံတော်မှ အခမဲ့လာရောက် ထိုးပေးခြင်း |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | ✔ | – | ကျေးရွာများတွင် ဆရာဝန်များ လိုက်လံကုသပေးခြင်း |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | – | ✔ | – |
| ၈ | အာဟာရပညာပေး အစီအစဉ် | – | ✔ | – |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် လွန်ခဲ့သော(၁၂)နှစ်အတွင်း ကာကွယ်ဆေး ထိုးနှံမှုအနေဖြင့်အဆုတ်ရောဂါ၊ ဆုံဆို့ကြက်ညှာ၊မေးခိုင်နှင့် အသည်းရောင်အသားဝါ၊ ပိုလီယိုရောဂါ၊ မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း)၊ ဝက်သက် ရောဂါ စသည့်ကာကွယ်ဆေးများထိုးနှံမှု ရှိပါသည်။

**(၂.၈.၃)  ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန | မရှိ | မရှိ | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ကြီးကြပ် (၁) -<br>ကြီးကြပ် (၂) -<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | မရှိပါ။ | |
| တိုက်နယ်ဆေးရုံ | - | - | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ- | - | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဓာတ်ခွဲကျွမ်းကျင်– | | |
| မြို့နယ်ဆေးရုံ (မင်းဘူး) | ၃မိုင် ၆ ဖာလုံ | မရှိ | ဆရာဝန် –<br>လ/ထ –<br>ကျန်းမာရေးမှူး–<br>သူနာပြု –<br>သားဖွားဆရာမ –<br>အရံသားဖွားဆရာမ–<br>ဓာတ်ခွဲကျွမ်းကျင်– | ရှိ | |
| ဆေးဆိုင် (မင်းဘူး) | ၃မိုင် ၆ ဖာလုံ | – | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမှီမှု––<br>ဆေးဝါး––<br>သိုလှောင်ပုံစနစ်–<br>အအေးခန်းစနစ်– | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနဟူ၍ မရှိပါ။မင်းဘူးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသရာတွင် ဆရာဝန်များ၊ လ/ထ ဆရာဝန်များ၊

ကျန်းမာရေးမှူးများ၊ သူနာပြုများ၊ သားဖွားဆရာမများ၊ အရံသားဖွားဆရာမများ၊ ဓါတ်ခွဲ ကျွမ်းကျင်ဆရာများ ရှိနေကြောင်းနှင့် လိုအပ်သည့်ဆေးဝါးများ လွယ်လင့်တကူရှိခြင်း များ လေ့လာတွေ့ရှိရပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁ | ကောင်း | ✔ | ✔ | ✔ | – |
| အဝီစိတွင်း/စက်တပ် | ၅၈ | ကောင်း | ✔ | ✔ | ✔ | – |
| အဝီစိတွင်း/တုံကင် | ၇၆ | ကောင်း | ✔ | ✔ | ✔ | – |
| မိုးရေသိုလှောင်ကန် | – | – | – | – | – | – |
| မြစ်/ချောင်း | – | – | – | – | – | – |
| ရေကန် | ၁ | ကောင်း | ✔ | ✔ | ✔ | – |
| စိမ့်စမ်းရေသွယ်တန်းခြင်း | – | – | – | – | – | – |
| အခြား | – | – | – | – | – | – |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် သောက်သုံးရေရရှိမှုအနေဖြင့် ရေတွင်း ၁ တွင်း နှင့် အဝီစိတွင်း/စက်တပ် ၅၈ တွင်းရှိပြီး အဝီစိတွင်း/တုံကင် ရှိ၍ သောက်သုံးရေလုံလောက်ပြီး ၊ရေကန် (၁) ကန်မှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် ရန် သုံးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၂၁၇ | အတူနေမိသားစုများနှင့် အတူသုံးစွဲခြင်း |
| ကျင်းအိမ်သာ | – | – |
| မြေပေါ် အိမ်သာ | – | – |
| တောထိုင် | – | – |
| **စုစုပေါင်း** | **–** | – |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။ လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုအရေအတွက် (၂၂၉)စုရှိသည့်အနက် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ(၂၁၇)စုရှိ၍ ကျန်းမာရေး အခြေအနေ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။**

## (၂.၁၀) ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် /သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | ✔ | – | *ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးရေးရာအဖွဲ့ များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ များ ပူးပေါင်းဆောင်ရွက်ခြင်း* |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် | ✔ | – | *ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည်အမျိုးသားများ နှင့် တန်းတူပူးပေါင်း ဆောင်ရွက် ခြင်း* |

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် /သုံးသပ်ချက် |
|---|---|---|---|---|
| | ဆောင်ရွက်မှု | | | |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | – | ✔ | *ကျေးရွာစည်းလုံးခြင်းညီညွတ်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်း* |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ✔ | – | *ကျေးရွာနေပြည်သူပြည်သားများ သည်အမျိုးသမီးရေးရာအဖွဲ့ များနှင့် တွေ့ဆုံဆွေးနွေးခြင်း* |
| ၅ | အခြား (ရှိလျှင်) | – | – | – |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် *အမျိုးသမီးရေးရာအဖွဲ့ များ၊ မိခင် နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများသည်အမျိုးသားများ နှင့် တန်းတူပူးပေါင်း ဆောင်ရွက်ကြပါ သည်။ ကျေးရွာနေပြည်သူပြည်သားများသည် အမျိုးသမီးရေးရာအဖွဲ့ များနှင့် ပူးပေါင်းဆောင် ရွက်ကြပါသည်။ ကျေးရွာစည်းလုံးခြင်းညီညွတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ် ကြပါသည်။*

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း | အမျိုး | ကောင်း | တည် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် |
|---|---|---|---|---|---|

| အမျိုးအစား | အစား (၁/၂/၃) | / ဆိုး | ဆောက် ခဲ့သောနှစ် | ပွင့်လင်း ရာသီ | တစ်နှစ်ပတ် လုံး | (မိုင်) |
|---|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၂ | ကောင်း | – | – | ✓ | – |
| ချဉ်းကပ်လမ်း | မြေနီ ကျောက် | ကောင်း | – | – | - | – |
| ရွာချင်းဆက် လမ်း | ကတ္တရာ | ကောင်း | – | – | – | – |
| အခြား | – | – | – | – | – | – |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း – ၃

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏ လမ်းတည်ရှိမှုအနေဖြင့် ရွာတွင်းလမ်း အမျိုးအစားမှာ မြေသားလမ်းပေါ်တွင် ကျောက်ခင်းလမ်း ပြုလုပ်ထားပါသည်။ လမ်းမှာ အတင့်အသင့်ဖြစ်ပြီး ရွာချင်းဆက်လမ်းမှာ ကတ္တရာဖြစ်ပါသည်။ ကန်ရေမှ ကုန်းသာသို့ ၁မိုင်ရှိပြီး ကန်ရေမှ မင်းဘူးသို့ ၃မိုင် ၆ ဖာလုံ ရှိပါသည်။ လမ်းများကောင်းမွန်ခြင်းကြောင့် လမ်းပမ်းဆက်သွယ်ရေး လွယ်ကူပါသည်။

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း /ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပတ်လုံး |
| ဆိပ်ခံတံတား | – | – | – | – | – |
| ကွန်ကရစ်တံတား | – | – | – | – | – |

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း /ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပတ်လုံး |
| ကြိုးတံတား | – | – | – | – | – |
| ရေပြွန် | – | – | – | – | – |
| အခြား | – | – | – | – | – |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် ကုန်းတွင်းပိုင်းပေါ်တွင် တည်ရှိနေ သောကြောင့် ကျေးရွာ၏ တံတားတည်ရှိမှုများ မရှိပါ။**

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | – | – | – | – |
| ပင်လယ်ရေကြောင်း | – | – | – | – |
| အခြား | – | ဒိုင်နာကား | – | တစ်နှစ်ပတ်လုံး |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ – မော်တော် ၃ – သင်္ဘော

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာအနေဖြင့် ရေကြောင်းသယ်ယူ ပို့ဆောင်ရေး အသုံးပြုမှုမရှိပါ။ မင်းဘူးမြို့၏အနောက်ဘက် ပုသိမ်(မုံရွာ) လမ်းမကြီးနံဘေးတွင် တည်ရှိနေသော ကြောင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးသာ အဓိကအသုံးပြုရပါသည်။ DYNA ကားလေးများနှင့် သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်ကယ်ရီများသာ တစ်နှစ်ပတ်လုံး အသုံးပြုကြပါသည်။**

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၇၆ | ၁၅၂ | ၂ | ၂ | ၂ | ၈၂ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ် အသုံးပြုနိုင်မှုအနေဖြင့် စက်ဘီး (၇၆)စီး၊ မော်တော်ဆိုင်ကယ် (၁၅၂)စီး၊သုံးဘီးဆိုင်ကယ် (၂)စီး၊ ကား (၂)စီး၊ မြင်းလှည်း (၂)စီး၊ နွားလှည်း(၈၂)စီးတို့ကိုအသုံးပြုလျှက်ရှိခြင်းကြောင့် သယ်ယူပို့ဆောင်ရေးတွင် တဖက်တလမ်းမှ အထောက်အကူရပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေး စနစ်(ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| **မဟာဓာတ်အားလိုင်း** | ၉၃ | ကောင်း | မရှိ |
| ဆိုလာစနစ် | ၄၇ | သင့် | မရှိ |
| အသေးစားရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | - | - | - |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | - | - | - |
| အခြား | - | - | - |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုအနေဖြင့် မဟာဓာတ်အားလိုင်းသုံးစွဲသည့် အိမ်ထောင်စုမှာ(၉၃)စု၊ ဆိုလာစနစ်ဖြင့် မီးလင်းရေး အသုံးပြုသည့် အိမ်ထောင်စု (၄၇) စုရှိပြီး အခြားမီးအိမ်သုံးစွဲသည့် အိမ်ထောင်စုများလည်း ရှိပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၁၉၀ | ၇၆ | ၆၀ | ၃ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေမှာ ဖုန်း(၁၉၀)လုံး၊ ရေဒီယို(၇၆)လုံး၊ တီဗွီ(၆၀)လုံး၊ ဂြိုလ်တုစလောင်း(၃)လုံး ရှိပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | ကမ်းခြေဒေသနှင့်ဝေး၍ လက်လှမ်းမီမှုမရှိပါ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | အားငယ်သူများဖေးမကူညီခြင်း၊ သွေးလှူအသင်းဖွဲ့စည်းခြင်း |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ပဋ္ဌာန်း/ဝတ်အသင်း၊ အလှူခံ၊ ဘုရား/ကျောင်း သန့်ရှင်းရေး |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | အားကစားဝါသနာနည်းပါးခြင်း |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | လမ်းပြင်၊မီးလင်းရေးကော်မတီများ ဖွဲ့စည်းခြင်း |

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ဓမ္မစကူးကျောင်းများ ဖွင့်လှစ်ထားခြင်း |
| စာကြည့်တိုက်၊ အင်တာနက်စသည်များ အား လက်လှမ်းမီမှု | စာဖတ်သူနည်းပါးခြင်း |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ ကမ်းခြေဒေသနှင့် ဝေး၍ အပန်းဖြေနိုင်သည့်နေရာများ မရှိပါ။ လူမှုရေးလုပ်ငန်းများတွင်** အားငယ်သူများဖေးမကူညီခြင်း၊ သွေးလှူအသင်းဖွဲ့စည်းခြင်း တို့ပြုလုပ်ထားပါသည်။ အလှူ ခံ၊ ဘုရား/ကျောင်း သန့်ရှင်းရေး၊ ကထိန်နှင့် ဘာသာရေးလုပ်ငန်းများကိုလည်း ဝိုင်းဝန်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လမ်းပြင်၊ မီးလင်းရေးကော်မတီများ ဖွဲ့စည်းခြင်း နှင့် ဓမ္မ စကူး ကျောင်းများ ဖွင့်လှစ်ထားပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

**ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | တာဝါတိုင်နှင့် နီးကပ်စွာရှိပါသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ကြက်ခြေနီအဖွဲ့ နှင့် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်း ထားခြင်း |
| ရဲစခန်းများအား လက်လှမ်းမီမှု | ရှိပါသည်။ |
| အခြား | – |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ရွာ၏ ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများလက်လှမ်းမှီမှုရှိပါသည်။အာမခံလုပ်ငန်းအနေဖြင့်**

လက်လှမ်းမီမှု မရှိပါ။ ထို့ပြင် ကျေးရွာအရံ မီးသတ်တပ်ဖွဲ့များ၊ ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေး အဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ကြောင့် ကျေးရွာ တည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံမှု ရှိပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | – | – | – | – |
| | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် – စိုးရိမ် = ၁၊ သာမာန် – ၂

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လူကုန်ကူးမှု ပြဿနာများ မရှိပါ။ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှုများ၊ အကြမ်းဖက်မှုများ မရှိပါ။တရားဥပဒေစိုးမိုးရေးဖြစ်သည့် ကျေးရွာဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | လမ်းပမ်းဆက်သွယ်ရေးကဏ္ဍ | | | | | |
| | • ကုန်ထုတ်လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | • ယာမြေများသည် ရေမျက်ကျေးရွာနားထိရှိခြင်း<br>• သီးနှံများအား ကျေးရွာသို့သယ်ယူရန် ခက်ခဲခြင်း | • လမ်းကော်မတီ ရှိခြင်း<br>• လှည်းလမ်းကြောင်း ရှိခြင်း | • ကိုယ်ထူကိုယ်ထ ဖောက်လုပ်ရန် ငွေကြေး မတတ်နိုင်ခြင်း | • သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကုန်ထုတ်လမ်း ကောင်းမွန်အောင် ဆောင်ရွက်ခြင်း<br>- ရေမျက်-ကန်ရေလမ်း ဖောက်လုပ်ပေးခြင်း<br>- သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း |
| ၂ | ပညာရေးကဏ္ဍ | | | | | |
| | • မူကြိုကျောင်းဆောင် လိုအပ်ခြင်း<br>• ကျောင်းခြံစည်းရိုး ပြုပြင်ရန် လိုအပ်ခြင်း | • ပညာအခြေခံ ကောင်းမွန်စွာ မရှိခြင်း<br>• ကျောင်း၏ အနောက်ဘက်တွင် ရေကန်ရှိနေခြင်း | • မူကြိုကျောင်းတွင် သင်ကြားပေးမည့် ဆရာ/မ များ ရှိနေခြင်း<br>• ကျေးရွာ၏ အလှူရှင်များမှ ကျောင်းရှေ့မျက်နှာစာအား နံရံတည်ဆောက်ပေးခြင်း | • မူကြိုကျောင်းဆောင် မရှိခြင်း<br>• ကျေးရွာလူထုမှ ပြုပြင်ရန် ငွေကြေး မပြည့်စုံခြင်း<br>• ကျောင်းခြံစည်းရိုး ခတ်ရန် (၃)မျက်နှာ ကျန်ရှိနေခြင်း | • ပညာရေးကို အထောက်အပံ့ပေးသော အဖွဲ့အစည်းများ နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>• ကျေးရွာလူထုထံမှ ရန်ပုံငွေ ကောက်ခံခြင်း<br>• ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကာနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အကူအညီ ရယူခြင်း | • မူကြိုကျောင်း ဆောက်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း<br>- မူကြိုကျောင်းဆောင် ရရှိအောင် ဆောင်ရွက်ခြင်း<br>- ပညာရေးကို အထောက်အပံ့ပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ကျေးရွာလူထုထံမှ ရန်ပုံငွေ ကောက်ခံခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | | - ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကာနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အကူအညီရယူခြင်း |
| ၃ | **သဘာဝဘေးအန္တရာယ် လျော့ချရေးကဏ္ဍ** | | | | | |
| | • မီးဘေးအန္တရာယ်ကို စိုးရိမ်ရခြင်း | • ရွာ၏ အနီးရှိကျေးရွာများတွင် မီးဘေးအန္တရာယ်ဖြစ်လေ့ရှိခြင်း<br>• ရွာအနီးတွင် ဆီဆိုင်ကြီးများ ရှိနေခြင်း | • ကျေးရွာတွင် အရံမီးသတ်တပ်ဖွဲ့အင်အားတောင့်တင်းစွာ ဖွဲ့စည်းထားခြင်း<br>• ကျေးရွာလူထု ညီညွတ်ခြင်း<br>• ကျေးရွာရှိ ကန်ကြီးမှ ရေကို အလွယ်တကူ စုပ်ယူ၍ ရခြင်း | • ကျေးရွာရန်ပုံငွေဖြင့် မီးသတ်ကား ဝယ်ယူရန် ငွေကြေး မပြည့်စုံခြင်း | • မီးသတ်ကားဝယ်ယူနိုင်ရေး သက်ဆိုင်ရာဌာနများ၏ အကူအညီရယူခြင်း | • မီးသတ်ကား ဝယ်ယူနိုင်ရေး ဆောင်ရွက်ခြင်း<br>- မီးသတ်တပ်ဖွဲ့အား စနစ်တကျသင်တန်းပေးခြင်း<br>- ကျေးရွာလူထုထံမှ မီးသတ်ကား ဝယ်ယူရန် ငွေကြေးကောက်ခံခြင်း<br>- မီးသတ်ကား ဝယ်ယူနိုင်ရေး သက်ဆိုင်ရာဌာနများ၏ အကူအညီရယူခြင်းနှင့် လိုအပ်သည့် ငွေကြေးပမာဏအား ထောက်ပံ့ပေးခြင်း |
| ၄ | **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍ** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • စိုက်ပျိုးစရိတ် မလုံလောက်ခြင်း | • စိုက်ပျိုးစရိတ်ကြီးမြင့်နေခြင်း<br>• လုပ်အားခမြင့်တက်ခြင်း<br>• သွင်းအားစုစရိတ်များ မြင့်တက်နေခြင်း<br>• စိုက်/ဘဏ်မှ ယာမြေများအား ၁ ကေလျှင် ၂ သောင်းသာ ထုတ်ပေးခြင်း | • ငွေတိုးပေးသူထံမှ စိုက်ပျိုးစရိတ် ချေးယူရခြင်း<br>• သွင်းအားစုများအား သီးနှံပေါ်ချိန်တွင် ပေးသည့်စနစ်ဖြင့် အကြွေးရယူခြင်း | • အတိုးနှုန်း မြင့်နေခြင်း<br>• ယုံကြည်မှုနှင့်ပိုင်ဆိုင်မှုကို ကြည့်၍ ချေးခြင်း၊ ယာမြေကောင်းနှင့် ကေ ပိုင်ဆိုင်မှုများမှသာ ပေးခြင်း | • စိုက်/ဘဏ်မှ ယာသမားများအတွက် သင့်တင့်သော ချေးငွေတိုးမြှင့် ထုတ်ချေးပေးခြင်း<br>• သက်ဆိုင်ရာဌာနများသို့ ချိတ်ဆက်တင်ပြခြင်း<br>• သွင်းအားစုများအား ကုမ္ပဏီနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ရန် ဆောင်ရွက်ခြင်း | • စိုက်ပျိုးစရိတ် လုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း<br>- စိုက်/ဘဏ်မှ ချေးငွေ ပိုမိုရရှိရေး တင်ပြခြင်း<br>- သွင်းအားစုများအား ကုမ္ပဏီနှင့် တိုက်ရိုက်ဆက်သွယ်၍ တင်သွင်းနိုင်ရေးချိတ်ဆက် ဆောင်ရွက်ခြင်း<br>- စိုက်ပျိုးစရိတ် လုံလောက်စွာ ရရှိအောင် ချေးငွေပေးသောအဖွဲ့များနှင့် ချိတ်ဆက်၍ အကူအညီရယူခြင်း |
| ၅ | **ကျန်းမာရေးကဏ္ဍ** | | | | | |
| | • ကျန်မာရေးဝန်ဆောင်မှု အပြည့်အဝမရခြင်း | • (၃)ရွာတစ်အုပ်စုတွင် ကျန်းမာရေးဝန်ထမ်း (၂)ယောက်သာချထားပေးခြင်း<br>• ဆေးပေးခန်းမရှိခြင်း<br>• မြို့နှင့်၄ မိုင်ခန့်ကွာပေးခြင်း | • ကုန်းသာကျေးရွာတွင် ဆေးပေးခန်းရှိခြင်း<br>• (၁)မိုင်ခန့်သာ ဝေးခြင်း | • (၃) ရွာ တစ်အုပ်စုလျှင် တစ်ရွာသာချပေးခြင်း<br>• မြို့နှင့် နီး၍ ချမပေးခြင်း | • ကျန်းမာရေးဝန်ထမ်း ရရှိအောင် ချိတ်ဆက်တင်ပြခြင်း | • ကျေးလက်ဆေးပေးခန်း ရရှိအောင်ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း<br>- ဆေးပေးခန်း ရရှိအောင် ကျန်းမာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>- ကျန်းမာရေးဝန်ထမ်း ရရှိအောင် ချိတ်ဆက်တင်ပြခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | **မွေးမြူရေးကဏ္ဍ** | | | | | |
| | • မွေးမြူရေးအား စီးပွားဖြစ်လုပ်ရန် ခက်ခဲခြင်း | • ဈေးကွက်မလုံလောက်ခြင်း<br>• နည်းစနစ်မှန်ကန်စွာ မမွေးမြူနိုင်ခြင်း | • မွေးမြူရေး လုပ်ကိုင်ရန် မြေနေရာ လုံလောက်စွာရှိခြင်း | • မွေးမြူရေး လုပ်ကိုင်ရန် ဈေးကွက်မလုံလောက်ခြင်း | • မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများ ပြည့်ဝစွာ ရရှိအောင် ဆောင်ရွက်ခြင်း | • စီးပွားဖြစ် မွေးမြူနိုင်အောင် ဆောင်ရွက်ခြင်း<br>- မွေးမြူရေးအတွက် ဈေးကွက်လုံလောက်စွာ ရရှိအောင် ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ခြင်း<br>- မွေးမြူရေးဆိုင်ရာ နည်းပညာပေးခြင်း၊ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများ ပြည့်ဝစွာ ရရှိအောင် ဆောင်ရွက် `ခြင်း |
| ၇ | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | • စိုက်ပျိုးရေ လုံလောက်စွာ မရရှိခြင်း | • မြောင်းလက်တံ မကြာခဏကျိုးခြင်း<br>• ကျေးရွာလူထုအင်အားဖြင့်ပြုပြင်သော်လည်း ခိုင်ခံ့မှု မရှိခြင်း<br>• မြောင်းလက်တံ ခိုင်ခံ့မှု မရှိခြင်းကြောင့် ရေသောက်ကေ အပြည့်အဝ မရရှိခြင်း | • ကိုယ်ထူကိုယ်ထပြုပြင်ခြင်း<br>• မြောင်းကော်မတီရှိခြင်း | • မြောင်းလက်တံ ကြံ့ခိုင်မှုမရှိခြင်း<br>• အချိန်မီ မပြုပြင်နိုင်ခြင်း | • သက်ဆိုင်ရာ ဌာနမှ ပညာရှင်များ၏ အကူအညီရယူခြင်း | • စိုက်ပျိုးရေ လုံလောက်စွာ ရရှိအောင်ဆောင်ရွက်ခြင်း<br>- ရေမြောင်း လက်တံပြုပြင်ရန် သက်ဆိုင်ရာဌာနများ၏ အကူအညီရယူခြင်း<br>- သက်ဆိုင်ရာဌာနမှ ပညာရှင်များမှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၈ | **လျှပ်စစ်မီးကဏ္ဍ** | | | | | |
| | • တစ်ရွာလုံး လျှပ်စစ်မီး ရရှိနိုင်ရေး | • ငွေကြေးမပြည်စုံခြင်း<br>• ကိုယ်ထူကိုယ်ထ မီးလင်းရေး လုပ်ဆောင် ရခြင်းကြောင့် မီတာဈေးနှုန်း မြင့်မားခြင်း | • ထရွှန်စဖော်မာနှင့် ကိုက်(၁၀၀)အတွင်း မီးကြိုးဆွဲနိုင်ခြင်း<br>• ဆိုလာနှင့် မီးလင်းခြင်း<br>• ကျေးရွာလျှပ်စစ် ရန်ပုံငွေ ရှိခြင်း | • မီးလင်းသောအိမ်မှ မီးယူ၍ မရခြင်း<br>• အင်ဂျင်နှင့် မီးပေး သောအိမ် မရှိခြင်း<br>• မီးလိုင်းဆွဲရန် ငွေကြေး မပြည့်စုံခြင်း | • ကျေးရွာ မီးလင်းနိုင်ရေး အတွက် လူထုထံမှ ရန်ပုံငွေကောက်ခံခြင်း | • ရွာလုံးကျွတ် မီးလင်းနိုင်ရေး ဆောင်ရွက်ခြင်း<br>- လျှပ်စစ်မီးလင်းနိုင်ရေး အတွက် ထရွှန်စမော်မာ ထပ်မံဝယ်ယူရန် ကျေးရွာလူထုထံမှ ရန်ပုံငွေကောက်ခံခြင်း<br>- မီးလင်းရေးအတွက် ရန်ပုံငွေ ထည့်ငွေ လှူဒါန်းမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်ရေး ဆောင်ရွက်ခြင်း |